# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်၊ သောကြာနေ့။ Friday, 28 July 2023 ၁၁၁၇၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ယနေ့ ဖတ်စရာ


**မဲခေါင်-လန်ချန်း MSME များ ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရန် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ် ကျင်းပ**

စာမျက်နှာ » ၆

**“မိုခါ” မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ(၁၁) (သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**

ဆောင်းပါး စာမျက်နှာ » ၈

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်းများ အောင်မြင်ရေး ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ » ၁၂

**အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးမြင့်မားသည့် သီးနှံမျိုးသစ်များ တိုးမြှင့်မွေးမြူထုတ်လုပ်နိုင်ရန် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သော မျိုးဗီဇပညာရှင် အရင်းအမြစ်များ လိုအပ်လျက်ရှိ**

စာမျက်နှာ » ၁၃

ကြေးမုံ

# တိုင်းပြည်အကျိုးစီးပွားရေးရှု တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တွင် ပြည်တွင်း၊ ပြည်ပမှ စိန်ခေါ်မှုများ၊ ဖိအားပေးအကျပ်ကိုင်မှုများ၊ နှောင့်ယှက်ဖျက်ဆီးမှုများ ရှိနေသော်လည်း အားလုံးတက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြသောကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကို အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် နိုင်ငံ့စီးပွားရေး ကျဆင်းခဲ့သည့်အခြေအနေမှ ပြန်လည်ဦးမော့လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လေးရာခိုင်နှုန်းတိုးတက်မည်ဟု မျှော်မှန်းထားသည်။ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မျှော်မှန်းထားသည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေး ထပ်မံတိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏ ဘဏ္ဍာငွေရရှိမှုတွင် သာမန်ရငွေများ၊ ချေးငွေများနှင့် ထောက်ပံ့ငွေများဟူ၍ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်ယူပြီးနောက်ပိုင်းတွင် ချေးငွေများ လုံးဝချေးယူခြင်းမရှိဘဲ ပြည်ပအထောက်အပံ့ငွေအနေဖြင့် ၂၀၂၂ ခုနှစ်နောက်ပိုင်းမှသာ အနည်းငယ်ရရှိခဲ့သည်။ ထိုအခြေအနေတွင် နိုင်ငံ့စီးပွားရေးကို အတိုင်းအတာတစ်ခုအထိ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ပြည်တွင်းအင်အားဖြင့် စီးပွားရေးတိုးတက်လာအောင် ဆောင်ရွက်နိုင်ခြင်းဖြစ်သည်မှာ ပေါ်လွင်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၆/၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “မိမိတို့တာဝန်ယူချိန်တွင် သယံဇာတရောင်းချခြင်းကို အတတ်နိုင်ဆုံး ထိန်းထားကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးသည် ပြီးခဲ့သည့်ကာလများအတွင်း အထိုက်အလျောက်တိုးတက်မှုရှိခဲ့ပြီး ဆက်လက်၍လည်း တိုးတက်မှုရှိမည်ဟု ခန့်မှန်းထားကြောင်း”ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းဘဏ္ဍာငွေနှင့် စီးပွားရေးအခြေအနေသည် ပြည်တွင်းအင်အားအပေါ်၌သာ လုံးဝတည်မှီနေသည်ကို လက်တွေ့မြင်တွေ့ကြရမည်ဖြစ်သည်။ ယခင်ကလည်း ပြည်တွင်းအင်အားကိုသာ အဓိကမှီခိုအားထား၍ နိုင်ငံ့စီးပွားတိုးတက်ရေးကို ဆောင်ရွက်ခဲ့သည်။ မျက်မှောက်ကာလတွင်လည်း ပြည်တွင်းအင်အားဖြင့်ပင် နိုင်ငံ့စီးပွားတိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် တိုးတက်မှုများရှိလာသည်မှာ မငြင်းနိုင်ပေ။ နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေလိုအပ်ချက်မရှိသကဲ့သို့ နိုင်ငံအတွင်း လည်ပတ်သုံးစွဲငွေများ မျှတစွာရှိနေသည်။ ပုံမှန်လည်ပတ်မှုအခြေအနေရှိနေသည်။

သို့သော် မြန်မာနိုင်ငံအပေါ် မလိုတမာဖြစ်နေသူများ၊ ဖျက်လိုဖျက်ဆီး လုပ်လိုသူများက နိုင်ငံ့စီးပွားကျဆင်းနေသယောင်၊ ဘဏ္ဍာရေးအခြေအနေ ပြိုလဲသွားနိုင်သယောင် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်၍ နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုများကို တစိုက်မတ်မတ်ပြုလုပ်နေကြသည်။ တစ်ဖက်တွင် အကြမ်းဖက်အဖျက်သမားများက နိုင်ငံတော် ပျက်စီးရာပျက်စီးကြောင်း၊ ပြည်သူများ လုံခြုံအေးချမ်းမှု ပျက်ပြားရာပျက်ပြားကြောင်း အကြမ်းဖက်အဖျက်လုပ်ရပ်များ၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်နှိပ်စက်မှုများ ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနှင့် တိုင်းပြည်စီးပွားမြင့်မားတိုးတက်ရေးအတွက် အဘက်ဘက်တွင် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလုံခြုံချောမွေ့ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်လက်တွဲပူးပေါင်း၍ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် လေးစားစွာဖြင့်တိုက်တွန်းအပ်ပါကြောင်း။ ။

## ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၅၃ /၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရေချိုငါးလုပ်ငန်းဥပဒေကိုရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရေချိုငါးလုပ်ငန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၁)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့်သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန္တာလေး ကို နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## တောင်ငူမြို့၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း အသိပညာပေးသရုပ်ပြသ

**တောင်ငူ ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဆူးတပ်ကျေးရွာတွင် ခရိုင်စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူး၍ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း အသိပညာပေးသရုပ်ပြသခြင်းကို ဆူးတပ်ကျေးရွာနေ တောင်သူ ဦးထွန်းကြည်၏ လယ်ယာမြေ သုံးဧက၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မင်းဦးက ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း အကျိုးကျေးဇူးများကို တောင်သူလယ်သမားများအား အသိပညာပေးဆွေးနွေးသည်။

ထို့နောက် ခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မင်းဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးအောင်မြင့်နိုင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်ထက်မင်း၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဆူးတပ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများက ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း အသိပညာပေးသရုပ်ပြသခြင်းကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၄၀၀ | ၅၂၈ | ၄,၃၃၆,၀၀၀ |
| MTSH | ၂,၈၀၀ | ၂,၈၅၀ | ၁,၃၄၆ | ၃,၇၇၄,၅၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၃၆၅ | ၅၆၅,၇၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၅၀ | ၁၂၅,၀၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၅၀ | ၁၂၂,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၃၃,၉၇၂ | ၅၉,၄၅၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

✪ ရှေ့ဖုံးမှ

ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆက်ကပ်လှူဒါန်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက **စာမျက်နှာ ၄ သို့ ✪**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❂ စာမျက်နှာ ၃ မှ

သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်ပြီး ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းချ**
**အမျှပေးဝေ**

ထို့နောက် ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာအောင်ကျော်မင်းက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

○ ကျောဖုံးမှ

တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၁၀)ကြိမ်မြောက်ဖြစ်ပြီး ယခင်အစည်းအဝေးကိုးကြိမ်၌ ဆုံးဖြတ်ချက် ၃၁၁ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိမှုအနေဖြင့်လည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ် ဇွန်လအထိ အမှုတွဲ ၇၀၁၁ မှုနှင့် ခန့်မှန်းတန်ဖိုးကျပ် ၁၂၇ ဒသမ ၀၅၄ ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက များစွာတိုးတက် ဖမ်းဆီးနိုင်ခဲ့ကြောင်း။

**တစ်နှစ်အတွင်း တရားမဝင်ကုန်သွယ်မှု**

သို့သော် တရားမဝင်ကုန်သွယ်မှုများသည် လျော့နည်းကျဆင်းသွားခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေကြကြောင်းကို ကြားသိနေရကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှု ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဧပြီလအထိစာရင်းတွင် ထိုင်းနိုင်ငံစာရင်းအရ ထိုင်းပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၃၂ ဘီလီယံဖြစ်ပြီး မိမိတို့ဘက်က စာရင်းအရ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉၃ ဘီလီယံဖြစ်၍ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၉ ဘီလီယံ ကွာခြားနေသည့်အတွက် ၎င်းသည် တစ်နှစ်အတွင်း တရားမဝင်ကုန်သွယ်မှုများဖြစ်သည်ဟု သုံးသပ်ရကြောင်း။

တရားမဝင် ကုန်သွယ်မှုဖြစ်ပေါ်ရခြင်း အဓိကအကြောင်းရင်းများမှာ **"အစိုးရ၏ မူဝါဒ၊ ရောင်းလိုအားနှင့် ဝယ်လိုအား၊ ပွင့်လင်းမြင်သာမှုနှင့် ကုန်သွယ်မှု၊ အကောက်ခွန် လုပ်ငန်းဝန်းကျင်"** စသော အခြေခံကျသည့် အချက်များအပြင် နိုင်ငံအတွင်း လုံခြုံရေးအရ လိုအပ်ချက်ရှိနေဆဲ နယ်စပ်ဒေသများရှိနေခြင်း၊ နယ်စပ်ဒေသများသည် ရှည်လျားပြီး နှစ်နိုင်ငံချင်း လွယ်ကူစွာဖြတ်သန်းနိုင်သည့် နေရာအများအပြားရှိခြင်းကြောင့် လုံခြုံရေးအရ စောင့်ကြည့်ထိန်းသိမ်းရန် ခက်ခဲခြင်း၊ ဥပဒေရေးရာ အားနည်းချက်များရှိခြင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့် ဝန်ထမ်းအင်အားနှင့် စွမ်းဆောင်ရည်နိမ့်ကျခြင်းနှင့် အကျင့်ပျက်မှုများရှိနေခြင်း စသည့်အချက်များကလည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် စိန်ခေါ်မှုများဖြစ်ကြောင်း။

**အသိပေးအကြောင်းကြားပေးရန် လိုအပ်**

နိုင်ငံ၏ ပထဝီအနေအထားအရ ရှည်လျားသည့် နယ်စပ်မျဉ်းတစ်လျှောက်တွင်ရှိသည့် တရားမဝင် ဝင်ထွက်ပေါက်များ၊ မှောင်ခိုရောင်ကွင်းလမ်းများအပြင် တာဝန်ကျနိုင်ငံ့ဝန်ထမ်းအချို့၏ အားနည်းချက်များကြောင့် တရားမဝင်ကုန်ပစ္စည်းများ နိုင်ငံအတွင်းပိုင်းအထိ ဖမ်းဆီးဖော်ထုတ်သည့်ကြားမှ ဝင်လာဆဲဖြစ်၍ အဆိုပါတရားမဝင်ကုန်ပစ္စည်းများ သိမ်းဆည်းနိုင်မည့် သိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယင်းကိစ္စကို ကုန်သည်အချင်းချင်း သိရှိပြီးဖြစ်၍ နိုင်ငံ့အကျိုးစီးပွား၊ မိမိကိုယ်ကျိုးစီးပွားကြည့်ပြီး သက်ဆိုင်ရာကို သိလျှင်သိချင်း အသိပေးအကြောင်းကြားပေးရန် လိုအပ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **"တရားမဝင်ကုန်သွယ်မှုများနှင့် သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်ခြင်းများသည် မိမိတို့ နိုင်ငံ့စီးပွားရေးအပေါ် ထိုးနှက်ချက်များပင်ဖြစ်ကြောင်း"** ဟု ပြောကြားခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် သယံဇာတများကို တရားမဝင်တူးဖော်သည့် ဘက်ဟိုးယန္တရား ၅၇ စီး၊ ခန့်မှန်းတန်ဖိုးကျပ် ၄ ဒသမ ၅၃၁ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ် ဇွန်လအထိ တရားမဝင် သစ်မျိုးစုံ အမှုတွဲ ၁၄၆၂ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၄ ဒသမ ၄၂၁ ဘီလီယံ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိမှု စုစုပေါင်း၏ ၃ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ သို့သော် နိုင်ငံအတွင်း သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုများသည် ရှိနေဆဲပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် နိုင်ငံ၏သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်မှုကိုလည်း ထိထိရောက်ရောက် တားဆီး၊ စစ်ဆေးအရေးယူကြရန် တိုက်တွန်းပြောကြား လိုကြောင်း။

**ထိထိရောက်ရောက်အရေးယူ**

အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **"ကုန်စည်ပို့ဆောင်ရေးနှင့်ပတ်သက်ပြီး လမ်းခရီးတွင်ရှိသောဂိတ်များ၌ မလိုလားအပ်သည့် ကုန်ကျစရိတ်များ မရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်"** ဟု မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက်တွင် ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများနှင့် လုံခြုံရေးဂိတ်များတွင် လာဘ်ပေးလာဘ်ယူမှုများမရှိစေရေး၊ မလိုအပ်ဘဲ အချိန်ကြန့်ကြာမှုများမဖြစ်ရေး အလေးထား ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် လာဘ်ပေးလာဘ်ယူမှုများကို စိစစ်ဖော်ထုတ်တွေ့ရှိပါက တာဝန်ရှိသူ အဆင့်ဆင့်ကို ထိထိရောက်ရောက်အရေးယူရန် မှာကြားလိုကြောင်း။

တရားမဝင် ကုန်သွယ်မှုများသည် ရှောင်ကွင်းလမ်းများ အသုံးပြုသယ်ဆောင်မှုများရှိသကဲ့သို့ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းအတိုင်း စစ်ဆေးရေးဂိတ်များ၊ လုံခြုံရေးဂိတ်များကို ငွေပေးပြီး ဖြတ်သန်းနေမှုများလည်း ရှိနေကြောင်းကို ဖမ်းဆီးရမိစစ်ကြောချက်များအရ သိရှိရကြောင်း၊ အထူးအဖွဲ့ဥက္ကဋ္ဌများနှင့် OSS ဌာနဆိုင်ရာ တာဝန်ခံညွှန်ကြားရေးမှူးချုပ်များအနေဖြင့် မိမိတို့ တာဝန်ယူရသည့် စစ်ဆေးရေးဂိတ်၊ လုံခြုံရေးဂိတ်များတွင် လာဘ်ပေးလာဘ်ယူမှုများမရှိအောင် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်းနှင့် ပြည်ထောင်စုအဆင့်က ဝင်ရောက်စစ်ဆေးဖော်ထုတ်တွေ့ရှိခဲ့လျှင် သက်ဆိုင်ရာတာဝန်ကျဝန်ထမ်းများအပြင် တာဝန်ရှိသူအဆင့်ဆင့်ကိုပါ ထိထိရောက်ရောက် အရေးယူသွားမ ည်ဖြစ်ကြောင်း။

**ဖမ်းဆီးရမိမှု လျော့နည်းကျဆင်းခဲ့**

၂၀၂၃ ခုနှစ် ဇွန်လ၏ ဖမ်းဆီးရမိမှုကို သုံးသပ်ရလျှင် ယခင်လထက် ဖမ်းဆီးရမိမှုများသော်လည်း ကုန်ပစ္စည်းအုပ်စုအလိုက် သုံးသပ်ချက်အရ ဖမ်းဆီးရမိမှု လချုပ်ခန့်မှန်းတန်ဖိုးကျပ် ၁၁ ဒသမ ၈၁၆ ဘီလီယံသည် မော်တော်ယာဉ်အုပ်စုကကျပ် ၇ ဒသမ ၈၂ ဘီလီယံဖြစ်ပြီး ယခင်လထက် ကျပ် ၄ ဒသမ ၂၅၄ ဘီလီယံ ပိုလာသော်လည်း ကျန်အုပ်စုများဖြစ်သည့် လယ်ယာ ထွက်ကုန်၊ သစ်မျိုးစုံ၊ လုပ်ငန်းသုံးကုန်ကြမ်း၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် တိရစ္ဆာန်အရှင်များမှာ ဖမ်းဆီးရမိမှု လျော့နည်းကျဆင်းလာသည်ကို တွေ့ရကြောင်း၊ စခန်းအလိုက် ပြန်ကြည့်ပါက ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ အဓိကစစ်ဆေးရေးစခန်းများဖြစ်သည့် မရမ်းချောင်၊ ကော့ကရိတ်တံတားကျိုး၊ မူဆယ်(၁၀၅)မိုင်၊ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းများမှာ သိသိသာသာဖမ်းဆီးရမိမှု လျော့နည်းကျဆင်းခဲ့သည်ကို တွေ့ရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများရှိနေသော်လည်း ဖမ်းဆီးရမိမှု လျော့နည်းကျဆင်းရခြင်းသည် သက်ဆိုင်ရာအထူးအဖွဲ့များနှင့် တာဝန်ကျဌာနဆိုင်ရာများ၏ တားဆီး စစ်ဆေးမှုများ အားနည်းသည်ဟု သုံးသပ်ရမည်ဖြစ်ကြောင်း။

ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် ကုန်တင်ယာဉ်များ စစ်ဆေးမှုလွယ်ကူစေရန် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ ကုန်တင်လွှာစနစ် စမ်းသပ်အသုံးပြုခဲ့ကြောင်း၊ စမ်းသပ်ကာလ(၆)လပြည့်ပြီဖြစ်သည့်အတွက် ဝန်ထမ်းများ၊ ယာဉ်မောင်းများနှင့် ကုန်သည်လုပ်ငန်းရှင်များ ကြုံတွေ့ရသည့် အခက်အခဲများကို မေးမြန်းပြီး သုံးသပ်တင်ပြပေးရန်လိုကြောင်း၊ သို့မှသာ ၎င်းစနစ်ကို ဆက်လုပ်ရန် သင့်/မသင့် ဆုံးဖြတ်ပေး၍ရမည်ဖြစ်ကြောင်း။

ကွန်တိန်နာ၊ အလုံပိတ်ယာဉ်များနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုကို စောင့်ကြည့်စစ်ဆေးသည့် E-Lock စနစ်ကို အိမ်နီးချင်းနိုင်ငံများတွင် အသုံးပြုနေကြသည်မှာ ကြာပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း E-Lock စနစ် အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ကြရန် တွန်းအားပေး ပြောကြားလိုကြောင်း၊ ပို့ကုန် ကုန်တင်ယာဉ်များကို စစ်ဆေးရာတွင် လွယ်ကူလျင်မြန်စေရန် QR ကုဒ်စနစ်ဖြင့် စစ်ဆေးနေကြောင်း၊ QR ကုဒ်တွင်ပါသည့် ပို့ကုန်အမျိုးအစား၊ တန်ချိန်နှင့် ကုန်တင်ယာဉ်ပေါ်တွင် ပါလာသည့် အမျိုးအစား၊ တန်ချိန်ကိုက်ညီရန် လိုကြောင်းကိုလည်း စစ်ဆေးသည့်ဝန်ထမ်းများက အထူးဂရုပြုစစ်ဆေးရန် မှာကြားလိုကြောင်း။

**စီမံဆောင်ရွက်ထားသင့်**

ကုန်ပစ္စည်းများစစ်ဆေးရာတွင် Manual စစ်ဆေးခြင်းထက် ICT နည်းပညာအသုံးပြုသည့် နည်းလမ်း၊ X-ray စက်များနှင့် ရှာဖွေစစ်ဆေးနိုင်လျှင် အချိန်ကုန်သက်သာပြီး တွေ့ရှိ ဖမ်းဆီးမှုပိုတက်လာနိုင်သလို ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကိုလည်း အထောက်အကူပြုမည်ဖြစ်သည့်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများတွင် အသုံးပြုနေသည့် ရှာဖွေတားဆီးစစ်ဆေးခြင်းစနစ်များကိုလည်း လေ့လာပြီး စီမံဆောင်ရွက်ထားသင့်ပါကြောင်းနှင့် ယခုစစ်ဆေးမှုပုံစံထက် ပိုမိုခေတ်မီစနစ်ကျသည့် အစီအမံရှိပါကလည်း တင်ပြရန်လိုကြောင်း။

ကုန်သွယ်မှုလုပ်ငန်းများတွင် Online စနစ်များဖြစ်သည့် အကောက်ခွန်ဦးစီးဌာနမှ သွင်းကုန်၊ ပို့ကုန်ကြေညာလွှာ ထုတ်ပေးရာတွင် အသုံးပြုနေသည့် MACCS စနစ်၊ ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်သွင်းကုန်လိုင်စင်ထုတ်ပေးရာတွင် အသုံးပြုနေသည့် Myanmar Tradenet 2.0 စနစ်၊ တစ်ဖက်က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်ရာတွင် အသုံးပြုသည့် MyCo စနစ်များကို အသုံးပြု ဆောင်ရွက်ခြင်းသည် အင်မတန်ကောင်းမွန်သည့် စနစ်များဖြစ်ကြောင်း၊ သို့သော် မည်သည့်စနစ်တွင်မဆို အလုံးစုံပြီးပြည့်စုံသည်ဟုမရှိကြောင်း၊ စနစ်အသုံးပြုရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ အားနည်းချက်များကို အမြဲမပြတ်စောင့်ကြည့်သုံးသပ်ပြင်ဆင်ဆောင်ရွက်သွားရန် လိုကြောင်း၊ အချို့ ခေတ်မီသည့်နိုင်ငံများတွင် နည်းစနစ်များ၏ကောင်းမွန်မှုများကြောင့် ဝန်ထမ်းအင်အား အနည်းငယ်ကိုသာ အသုံးပြုပြီး ကုန်သွယ်မှုလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ်တင်ပြ**

ထို့အပြင် ဦးဆောင်ကော်မတီ၏(၃/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ဌာနဆိုင်ရာအချင်းချင်း Online စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မည့် National Single Window စနစ်နှင့် မြန်မာ-ထိုင်းနယ်စပ်တွင် စတင်စမ်းသပ်ဆောင်ရွက်နိုင်မည့် Single Window Inspection(SWI)နှင့် Single Stop Customs Inspection(SSCI) လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တိုးတက်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်နေမှုများကို သက်ဆိုင်ရာဌာနများက စဉ်ဆက်မပြတ် တင်ပြပေးရန်လိုကြောင်း၊ ဝန်ထမ်းများနှင့် ဆောင်ရွက်သည့်နေရာတွင် နည်းစနစ်နှင့် အစားထိုးဆောင်ရွက်မှသာ ပိုမိုထိရောက်မှန်ကန်မည်ဖြစ်ပြီး အချိန်နှင့်ကုန်ကျစရိတ် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာနများက နည်းစနစ်များ မြန်မြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရာတွင် မည်သို့သော စိန်ခေါ်မှုများရှိနေပါစေ အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများကို နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ တားဆီးစစ်ဆေးမှုအပြင် သိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းက သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုကိုလည်း ထိထိရောက်ရောက် တားဆီးစစ်ဆေးအရေးယူကြရန် လိုကြောင်း၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်တွင်ရှိသည့် ဂိတ်များတွင် မလိုလားအပ်သည့် ကုန်ကျစရိတ်များနှင့် အချိန်ကြန့်ကြာမှုများ မရှိစေရေးအထူးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ကုန်တင်လွှာစနစ် ဆောင်ရွက်မှု သုံးသပ်တင်ပြရန်လိုကြောင်းနှင့် E-Lock စနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအသုံးပြုနေသည့် နည်းပညာပိုင်းဆိုင်ရာစနစ်များကို အမြဲမပြတ် စောင့်ကြည့်သုံးသပ်ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းအင်အားအသုံးပြု လုပ်ငန်းဆောင်ရွက်ရသည့်နေရာတွင် ခေတ်မီနည်းစနစ်နှင့် အစားထိုးနိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် အထူးအဖွဲ့များနှင့် One Stop Service ဌာနဆိုင်ရာများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်ကော်မတီအစည်းအဝေး (၃/၂၀၂၃)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလွင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်၊ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌတို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၃)သို့ တင်ပြလာသည့်အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

**စာမျက်နှာ ၆ သို့** ○

**တရားမဝင်ကုန်သွယ်မှုဖြစ်ပေါ်ရခြင်း အဓိကအကြောင်းရင်းများမှာ "အစိုးရ၏ မူဝါဒ၊ ရောင်းလိုအားနှင့် ဝယ်လိုအား၊ ပွင့်လင်းမြင်သာမှုနှင့် ကုန်သွယ်မှု၊ အကောက်ခွန်လုပ်ငန်းဝန်းကျင်" စသော အခြေခံကျသည့် အချက်များအပြင် နိုင်ငံအတွင်း လုံခြုံရေးအရ လိုအပ်ချက်ရှိနေဆဲ နယ်စပ်ဒေသများရှိနေခြင်း၊ နယ်စပ်ဒေသများသည် ရှည်လျားပြီး နှစ်နိုင်ငံချင်း လွယ်ကူစွာဖြတ်သန်းနိုင်သည့် နေရာအများအပြားရှိခြင်းကြောင့် လုံခြုံရေးအရ စောင့်ကြည့်ထိန်းသိမ်းရန်ခက်ခဲခြင်း၊ ဥပဒေရေးရာ အားနည်းချက်များရှိခြင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့် ဝန်ထမ်းအင်အားနှင့် စွမ်းဆောင်ရည်နိမ့်ကျခြင်းနှင့် အကျင့်ပျက်မှုများရှိနေခြင်း စသည့်အချက်များကလည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် စိန်ခေါ်မှုများဖြစ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးဒေသမှ စီးပွားရေးလုပ်ငန်းအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးဒေသမှ ထောက်ပံ့ပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေးနှင့် ဆိပ်ကမ်းလုပ်ငန်းများပါဝင်သော စီးပွားရေးလုပ်ငန်းအဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် နယ်စပ်ဝင်/ထွက်ပေါက်များတွင် လုပ်ငန်းများ လွယ်ကူချောမွေ့စေရေး၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများဖွံ့ဖြိုးရေး၊ ကျောက်မျက်ရတနာများ၊ ရေထွက်ကုန်များနှင့် အသီးအနှံများကို ကုန်တင်လေယာဉ်များဖြင့် တရုတ်နိုင်ငံသို့ပို့ဆောင်ရေးနှင့် မြန်မာနိုင်ငံ၌ လေယာဉ်မောင်းသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနအကြီးအမှူးများ၊ ချန်ဒူးဒေသစီးပွားရေးလုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်း MSME များ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရန် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

မဲခေါင်-လန်ချန်း MSME များ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရန် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ် ၃၀ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖိုရမ်သို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Counsellor ဖြစ်သူ Mr. Ouyang Daobing၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်းဒေသမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။



**အခွင့်အလမ်းများကို ပေးစွမ်းနိုင်**

ဦးစွာ ဒုတိယဝန်ကြီးက ဒစ်ဂျစ်တယ်နည်းပညာများသည် MSME များအတွက် ကြီးမားသော အခွင့်အလမ်းများကို ပေးစွမ်းနိုင်ပြီး ၎င်းတို့၏လုပ်ငန်းများကို ချဲ့ထွင်ခြင်း၊ ဈေးကွက်အသစ်များသို့ တိုးချဲ့ခြင်းများကို လွယ်ကူချောမွေ့စေပါကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒစ်ဂျစ်တယ်ဈေးကွက်ကို ပိုင်နိုင်စွာဆောင်ရွက်နိုင်လျှင် ဈေးကွက်သစ် (သို့မဟုတ်) ဈေးကွက်ဝေစု ပိုမိုရရှိမည့်အပြင် ကမ္ဘာအနှံ့ရှိ ဝယ်ယူသုံးစွဲသူများနှင့် အချိန်တိုအတွင်း လွယ်လင့်တကူ ဆက်သွယ်ရောင်းချနိုင်မည်ဖြစ်၍ စီးပွားရေးလုပ်ငန်းများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Counsellor Mr. Ouyang Daobing က လွန်ခဲ့သည့် ခုနစ်နှစ်ခန့်မှ စတင်ခဲ့သော မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများ၏ MSME များ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သဖြင့် ယနေ့ကျင်းပသည့်ဖိုရမ်မှ မိမိတို့နိုင်ငံရှိ MSME များ၏ Digital အသုံးပြုမှုကို ပိုမိုမြှင့်တင်နိုင်ရေး နည်းလမ်းကောင်းနှင့် အတွေးအမြင်များ ဖလှယ်နိုင်မည်ဟု မျှော်လင့်ပါကြောင်းပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ဆက်လက်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က မဲခေါင်-လန်ချန်း ဒေသတွင်း နိုင်ငံများအကြား တည်ငြိမ်အေးချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အပြန်အလှန်ယှဉ်ကျေးမှုဖလှယ်နိုင်ရေး စသည့် မဏ္ဍိုင် သုံးရပ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖိုရမ်သို့တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါဖိုရမ်တွင် E-Business ပုံစံများနှင့် သဘောတရားများ၊ MSME များ ဒစ်ဂျစ်တယ် စီးပွားရေးစနစ်ပြောင်းလဲမှုအလေ့အကျင့်များ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် မဟာဗျူဟာနှင့်စီမံခန့်ခွဲမှု၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ပြောင်းလဲရန် နည်းပညာလိုအပ်မှု၊ မဲခေါင်-လန်ချန်းဒေသတွင်းရှိ နိုင်ငံများတွင် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ပြောင်းလဲရန် အဆင်သင့်ရှိရမည့်အချက်များ၊ ဒစ်ဂျစ်တယ်ဆန်းသစ်ခြင်းနှင့် ပြောင်းလဲခြင်းများအတွက် မဲခေါင်-လန်ချန်း ဒေသတွင်းရှိ MSME များ၏ ကောင်းမွန်သည့် အလေ့အကျင့်များ၊ MSME များ၏ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်မြှင့်တင်နိုင်ရန် အလိုအပ်ဆုံးသော ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ပြောင်းလဲရန် တွေ့ကြုံရမည့် စိန်ခေါ်မှုများကို နှစ်ရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် အုပ်စုများဖွဲ့၍ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ပြောင်းလဲမှုအစီအမံများ ရေးဆွဲခြင်း၊ ဖိုရမ်မှထွက်ရှိလာသည့် ရလဒ်များနှင့်ပတ်သက်၍လည်း ပြန်လည်ဆွေးနွေးသုံးသပ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၅ မှ

ဆက်လက်၍ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဦးဝင်းရှိန်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့က မြန်မာ-ထိုင်း နှစ်နိုင်ငံ ပို့ကုန်သွင်းကုန် နှိုင်းယှဉ်ချက်၊ တရားမဝင်လမ်းကြောင်းများမှ တရားမဝင်ကုန်ပစ္စည်းများတင်သွင်းမှု မရှိစေရေး၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများ၊ တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ E-Lock စနစ်ကို အမြန်ဆုံးအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ တရားမဝင်အွန်လိုင်းမှ ကုန်ပစ္စည်းများ ရောင်းချနေမှု၊ QR Code ဖြင့် စစ်ဆေးဆောင်ရွက်နိုင်မှုများနှင့် ကုန်သွယ်ရေးစခန်းများ၌ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၄/၂၀၂၃) ဆုံးဖြတ်ချက်(မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် နယ်စပ်ကုန်စည်ပြပွဲကျင်းပနိုင်ရေး ဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း ဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တဲဟုန်ပြည်နယ် ပြည်သူ့အစိုးရ အုပ်ချုပ်ရေးမှူး Mr. Wei Gang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး၊ ပို့ကုန်အမယ်သစ်များ တိုးမြှင့်တင်ပို့ရာတွင် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)၏ ခွင့်ပြုချက်ရရှိရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ (၁၆)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေး ကျင်းပနိုင်ရေး၊ အကြိမ်(၂၀)မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲကျင်းပနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တရုတ်နိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေသုတေသနအဖွဲ့ စာတမ်းဖတ်ပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၂၇

ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေသုတေသနအဖွဲ့ (တတိယအကြိမ်) စာတမ်းဖတ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရေးသားပြုစု**

စာတမ်းဖတ်ပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနရှိ ဥပဒေသုတေသနအဖွဲ့များသည် ၂၀၂၂ ခုနှစ်အတွင်း စာတမ်း ၁၂ စောင်ကို ရေးသားပြုစုနိုင်ခဲ့ကြောင်း၊ ၎င်းတို့ ရေးသားပြုစုခဲ့သည့် စာတမ်းများကို လုပ်ငန်းအဖွဲ့ ခြောက်ဖွဲ့က လစဉ် အလှည့်ကျဖတ်ကြားလာခဲ့ရာ ယခု စာတမ်းဖတ်ပွဲမှာ တတိယအကြိမ်မြောက်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စာတမ်းဖတ်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဥပဒေရေးရာဝန်ကြီးဌာန တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံးများနှင့် ဥပဒေရုံးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်နေကြသော အရာထမ်းများကို ဥပဒေအသိပညာများ တိုးတက်စေရန်၊ လုပ်ငန်းစွမ်းဆောင်ရည် အရည်အသွေး မြင့်မားစေရန်၊ စာတမ်းဖတ်ပွဲ အတွေ့အကြုံများ ရရှိစေရန်နှင့် ဥပဒေဗဟုသုတများကို အပြန်အလှန် ဆွေးနွေးဖလှယ်နိုင်စေရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေသုတေသနအဖွဲ့ (၅)က “Comparative Study of Prosecution Systems between Singapore and Myanmar” ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားကြသည်။

စာတမ်းဖတ်ပွဲသို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံးများမှ အရာထမ်းများ တက်ရောက်ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကျိုင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ Aadhaar Center ဒေသဆိုင်ရာရုံး၌ ပြည်သူများအား Aadhaar နံပါတ်ထုတ်ပေးသည့်လုပ်ငန်းစဉ်ကို ကြည့်ရှုလေ့လာ



နေပြည်တော် ဇူလိုင် ၂၇

အိန္ဒိယနိုင်ငံ၌ ရောက်ရှိနေသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကျိုင်နှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် နယူးဒေလီမြို့ရှိ Aadhaar Center ဒေသဆိုင်ရာရုံးသို့ သွားရောက်ရာ လုပ်ငန်းတာဝန်ခံက ဒေသတွင်းရှိ ပြည်သူများအား Aadhaar စနစ်ဖြင့် Enrolment ဆောင်ရွက်နေမှုနှင့် Update လုပ်ငန်းစဉ် အဆင့်ဆင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် အဖွဲ့သည် ဒေသတွင်းပြည်သူများအား Aadhaar စနစ် လုပ်ငန်းစဉ်များအတိုင်း Aadhaar နံပါတ်ရရှိသည်အထိ လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုနှင့် Aadhaar စနစ်ဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းတာဝန်ခံက ပြန်လည်ရှင်းလင်း ဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းတာဝန်ခံအား အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မိတ္ထီလာ ဇူလိုင် ၂၇

မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဘဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာနေအောင်နှင့် ဒုတိယပါမောက္ခချုပ်ဒေါက်တာ ခင်နှင်းအိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ဘာသာရပ်ပေါင်းစုံမှ ခင်းကျင်းပြသထားသော သုတေသနပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ထို့နောက် သုတေသနပြပွဲနှင့် ပြိုင်ပွဲတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် သုတေသနဆိုင်ရာများကို ခင်းကျင်းပြသခဲ့ပြီး အကဲဖြတ်ဒိုင်အဖွဲ့က အကဲဖြတ်အမှတ်ပေးခဲ့ကြသည်။ ယင်းနောက် ဆုရရှိခဲ့ကြသော သုတေသနပြခန်းများကို ပါမောက္ခချုပ် ဒေါက်တာ ဘဟန်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

# “မိုခါ” မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၁) (သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)

မြင့်စိုး(နတလ)

### ဦးခိုက်ဖူးမြော် လောကာနန္ဒာစေတီတော်

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မေလ ၁၉ ရက်နေ့တွင် စစ်တွေမြို့သို့ ရောက်ရှိခဲ့သည်။ စစ်တွေလေဆိပ်သို့ လေယာဉ်ဆင်းခါနီး လောကာနန္ဒာစေတီတော်မြတ်ကြီးကို လှမ်း၍ဖူးတွေ့လိုက်ရ၏။ ရွှေရောင်တဝင်းဝင်းနှင့် တင့်တယ်သပ္ပာယ်လှပေစွ။ ဘုရားပရိဝုဏ်အတွင်းရှိ အဆောက်အအုံတချို့မှာမူ မုန်တိုင်းဒဏ်သင့်ခဲ့၍ အမိုးလန်နေသည်ကို တွေ့မြင်နေရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် နောက်တစ်နေ့ဖြစ်သော မေလ ၂၀ ရက်နေ့၌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးများအဖွဲ့ သွားရောက်ကြည့်ရှုခဲ့သောနေရာသည် လောကာနန္ဒာဘုရားဝင်းဖြစ်နေပါသည်။ မိုခါမုန်တိုင်းသည် စေတီတော်မြတ်ကြီးအား ထိခိုက်ပျက်စီးအောင် မစွမ်းသာခဲ့ပါ။ ကြီးမားလှသောပျက်စီးမှုမတွေ့ရ၊ အဝင်ယာယီစောင်းတန်းများ ပြိုလဲသွားမှုကို အမြန်ဆုံး ရှင်းလင်းထားပြီးဖြစ်သည်။

အရန်စေတီအချို့တွင်သာ ထီးတော်ပျက်စီးခြင်း၊ အချို့တိမ်းစောင်းသွားသော ထီးတော်များကို ပြန်လည်တည့်မတ်ရန် လိုခြင်းများတွေ့ရှိရပြီး ဘုရားကြီးဝင်းထဲရှိ သာသနာ့ဗိမာန်တော်၊ မဟာဝေယန်ဗိမာန်တော် အမိုးလန်ပျက်စီးမှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ပြုပြင်တည်ဆောက်ပေးသွားမည်ဖြစ်သည်။ စကြာမုနိသိမ်ကျောင်းတော်၌ ဘုံကိုးဆင့်မှ ပန်းဆွဲများပြုတ်ကျခဲ့မှုများကို သက်ဆိုင်ရာဂေါပကအဖွဲ့နှင့် ကော်မတီက တာဝန်ယူပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။



စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီး။

လောကာနန္ဒာစေတီတော်မြတ်ကြီးအား နတလဝန်ထမ်းဘဝကတည်းက အကြိမ်ကြိမ်အခါခါ ဖူးမြော်ခွင့်ရခဲ့ပါသည်။ စကြာမုနိရုပ်ပွားတော်သို့လည်း ထိုနည်းတူစွာပင်၊ ဓမ္မာရုံများ အမိုးလန်သည်မှအပ ကြီးကြီးမားမား ထိခိုက်မှုမရှိကြောင်းတွေ့ရ၍ စိတ်ချမ်းသာမှုရခဲ့သည်။ ဘုရားပရိဝုဏ်အတွင်း ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ခြင်းနှင့်အတူ ဇွန်လ ၂ ရက်နေ့၌ လောကာနန္ဒာစေတီတော်ကြီး၏ လိုဏ်အတွင်း စစ်တွေမြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပပြုလုပ်သော နိကာယ်၅ရပ် စာမေးပွဲတွင် သံဃာတော် ၅၃၅ ပါး ဝင်ရောက်ဖြေဆိုနေမှုကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ခဲ့ရသည်။ ထိုနေ့က စစ်တွေမြို့တွင် လျှပ်စစ်မီးပြန်လည်ရရှိနေပြီဖြစ်ရာ စာဖြေသံဃာများအတွက် မီးအလင်းရောင်ပေးနိုင်ခဲ့သည်ကိုလည်း သာဓုခေါ်ခဲ့ရသေး၏။

### ရွှေစေတီကျောင်းတိုက်နှင့် ဆရာတော်ဦးဥတ္တမ

စစ်တွေမြို့သို့ ကျွန်တော်ရောက်ရှိပြီး နှစ်ရက်အကြာ မေလ ၂၁ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းတို့နှင့်အတူ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်၊ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်၊ ရွှေစေတီကျောင်းတိုက်၊ ပညာလင်္ကာရကျောင်းတိုက်၊ မြို့မပရိယတ္တိစာသင်တိုက်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုခွင့်ရခဲ့သည်။ ပြည်ထောင်စုဝန်ကြီးများက ဘုန်းတော်ကြီးကျောင်းအလိုက် ပြန်လည်ပြုပြင်ပေးရမည့် အဆောက်အအုံများနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး လိုအပ်သည့် သွပ်၊ သံ၊ သစ်များ လှူဒါန်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ရွှေစေတီကျောင်းတိုက်သို့ ရှေးယခင်က ကျွန်တော်မရောက်ဖူးခဲ့ခြင်း၊ ရောက်ခွင့်မကြုံခဲ့ခြင်း၊ ရွှေစေတီကျောင်းတိုက်၏ ဂုဏ်ရောင်ထွန်းပြောင်မှုကို မမြင်တွေ့ခဲ့ရခြင်းအတွက် ရှက်ရွံ့သိမ်ငယ်စိတ် ဝင်သွားမိသည်ကတော့ အမှန်ပင်ဖြစ်သည်။ ဤကျောင်းတိုက်သည်ကား ကျွန်တော်တို့ငယ်စဉ် မူလတန်းကျောင်းသားဘဝကတည်းက သင်အံမှတ်သားခဲ့ရဖူးသော နယ်ချဲ့ဆန့်ကျင်ရေးတရားများကို ရဲရဲတောက်ဟောကြားခဲ့သည့် ဆရာတော် ဦးဥတ္တမ သီတင်းသုံးနေထိုင်ခဲ့ရာ ကျောင်းတော်မဟာဖြစ်နေ၍ပါတည်း။ ဆရာတော်၏ ကျေးဇူးတရားက နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားတို့အပေါ် အလွန်ကြီးမားခဲ့သောကြောင့် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုနေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သာသနာ့သမိုင်း၊ သာသနာ့မော်ကွန်းတွင် အမြင့်ဆုံးဖြစ်တော်မူသော “အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ” ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ယင်းဘွဲ့တံဆိပ်တော်ကို လက်ရှိရွှေစေတီကျောင်း၏ အဌမမြောက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရိယာဝံသက လက်ခံရယူတော်မူသော မှတ်တမ်းဓာတ်ပုံနှင့် ဘွဲ့တံဆိပ်တော်တို့ကို ကျောင်းပေါ်၌ တွေ့ရှိခဲ့ရပါသည်။

ရှေးယခင်က မောင်ရှင်ကြီးဆရာကျောင်း၊ ရတနာတေဇာရာမကျောင်းဟူ၍ အမည်နှစ်မျိုးဖြင့် ခေါ်ခဲ့ကြကြောင်း၊ ယင်းကျောင်းတော်ကြီးကို ခရစ်နှစ် ၁၉၀၃ ခုနှစ်တွင် စစ်တွေ မြို့ ပထမဦးဆုံး ပုဂ္ဂလိက ပေါ်ထွန်းအောင်ကုမ္ပဏီ ဘဏ်တိုက်ပိုင်ရှင် ဦးပေါ်ထွန်းအောင်က ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း၊ ကျောင်း၏ အနောက်မြောက်အရပ်၌ ရွှေလုပ်တတ်သော ပုဂ္ဂိုလ်တစ်ဦးနေခဲ့သည်ကို အစွဲပြု၍ ရွှေစေတီကျောင်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြကြောင်း၊ ပထမဦးဆုံး ကျောင်းထိုင်ဆရာတော်မှာ စစ်တွေမြို့၌ သာသနာတော်မျိုးစေ့ကို စတင်ချထားပေးခဲ့သည့် အရှင်ပညာသာရမထေရ်ဖြစ်ကြောင်း၊ ဒုတိယဆရာတော်လွန်ပြီးနောက် တတိယဆရာတော် အရှင်တေဇာရာမမထေရ်လက်ထက် ၁၈၉၂ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့၌ ဆရာတော်အား ဥပဇ္ဈာယ်ပြု၍ ငယ်နာမည် မောင်ပေါ်ထွန်းအောင်ဖြစ်သော ဆရာတော် ဦးဥတ္တမလောင်းလျာသည် ရှင်သာမဏေဖြစ်တော်မူခဲ့ကြောင်း သိရှိရပါသည်။ ၁၈၉၉ ခုနှစ်တွင် ရဟန်းဘဝသို့ရောက်ပြီး စစ်တွေမြို့၊ ပခုက္ကူမြို့၊ ရန်ကုန်မြို့၊ မအူပင်မြို့၊ ပဲခူးမြို့၊ တောင်ငူမြို့၊ မန္တလေးမြို့တို့၌ ပါဠိပိဋကတ်ကျမ်းစာများကို လေ့လာသင်ယူခဲ့ပြီး အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ တက္ကသိုလ်စာပေ ဘာသာစကားများ ဆက်လက်သင်ယူခဲ့သည်။

စာမျက်နှာ ၉ သို့ ✧



ပြန်လည်ပြုပြင်ပြီးဖြစ်သည့် မဟာဝေယန်ဗိမာန်တော်။

> “သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စစ်တွေဌာနခွဲ) အနေဖြင့် ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်ကြီးအတွင်း အုတ်ကြွပ်ခေါင်မိုးများ ထိခိုက်ပျက်စီးခြင်း၊ ပြတင်းတံခါးများကွဲခြင်း၊ အတွင်းမျက်နှာကြက်များ ပြုတ်ကျခြင်း၊ ရေဆင်းပိုက်၊ ရေတိုင်ကီ၊ ရေတံလျှောက်များ ထိခိုက်ပျက်စီးခြင်းတို့ကို ပြန်လည်ပြုပြင်ပြီးစီးခဲ့ပြီး ရထားဆွဲပုံပြကွက်၊ ရခိုင်ရိုးရာအိမ်ပြကွက်၊ ရခိုင်မင်္ဂလာဆောင်ပြကွက်၊ ရခိုင်ရိုးရာလှေပြကွက်တို့၌ ပျက်စီးမှုအချို့ကို ပြုပြင်မွမ်းမံပြင်ဆင်ဆဲဖြစ်”

✧ စာမျက်နှာ ၈ မှ
ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်၊ ဂျပန်၊ အီတလီ၊ ပြင်သစ်၊ တိဗက်၊ ဘင်္ဂါလီ၊ နာဂရီနှင့် ဟိန္ဒူဘာသာ စာပေစကားများ ကျွမ်းကျင်တတ်မြောက်ခဲ့ကြောင်းလည်း သိရသည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးအတွက် လည်းကောင်း၊ သာသနာပြုရေးအတွက် လည်းကောင်း ကြွရောက်တော်မူခဲ့သော အာရှ ဥရောပ နိုင်ငံများလည်း ၂၀ ကျော်ခဲ့သလို ရေးသားတော်မူခဲ့သည့် စာအုပ်စာပေများတွင်လည်း ၁၉၁၄ ခုနှစ်ထုတ် ဂျပန်ပြည် အတ္ထုပ္ပတ္တိစာအုပ်မှသည် ၁၉၃၈ ခုနှစ် ရေးသားခဲ့သည့် တရုတ်-ဂျပန်စာအုပ်ထိ စာအုပ်မျိုးစုံ ရေးသားတော်မူခဲ့သည်။ ကျွန်တော်တို့ နားထဲမှာရော၊ နှလုံးသားထဲမှာရော စွဲနေအောင် သင်ခဲ့ရသည့် အကြောင်းအရာ တစ်ခုကတော့ ၁၉၂၁ ခုနှစ် သူရိယသတင်းစာမှာ ရေးသားခဲ့သော နယ်ချဲ့ဆန့်ကျင်ရေးတရားထဲက စာကြောင်းတစ်ကြောင်းပင် ဖြစ်သည်။ အင်္ဂလိပ်ဘုရင်ခံကို မကြောက်မရွံ့ ရဲရဲတောက်နှင်ထုတ်ခဲ့သည့် "ဆာရယ်ဂျီနယ် ဂရက်ဒေါက် (Sr. Reginald Craddock) မြန်မာပြည်ကထွက်သွား" ဆိုသည့် စာတစ်ကြောင်းပင်။ ဆရာတော် ဦးဥတ္တမသည် ၁၉၂၂ ခုနှစ်မှ ၁၉၂၇ ခုနှစ်အတွင်း ထောင်ဒဏ်သုံးကြိမ် စုစုပေါင်း ၁၂ နှစ် ကျခံခဲ့ရသည်။ သက်တော် ၆၀၊ သိက္ခာတော် ၄၀၊ ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ခန္ဓာဝန်ချ ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

**သာသနာရေးဆိုင်ရာ**
**အဆောက်အအုံများ ထိခိုက်ပျက်စီးမှု**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင် မိုခါမုန်တိုင်းဒဏ်ကို မြောက်ပိုင်း ၁၀ မြို့နယ်က ပိုမိုပြင်းထန်စွာခံခဲ့ရသည်။ ကျန်ခုနစ်မြို့နယ်တွင်လည်း အနည်းငယ်မျှ ပျက်စီးဆုံးရှုံးမှုနှင့် ကြုံကြရသေးသည်။ များသောအားဖြင့် အမိုးလန်ခြင်း၊ မျက်နှာကြက်ပြုတ်ကျခြင်းများဖြစ်သည်။ ထီးတော်စောင်းခြင်း၊ ကျိုးပြတ်ကျခြင်းများလည်း ရှိခဲ့သည်။ ရခိုင်ပြည်နယ်တစ်ခုလုံးအနေဖြင့် ပျက်စီးဆုံးရှုံးမှုကို မှတ်တမ်းပြုတင်ပြရလျှင် ကျောင်းတိုက်ပေါင်း ၁၆၄၇ ခု၊ စေတီ ၂၄၄ ဆူ၊ သိမ်ကျောင်း ၆၅၇ ခု၊ ကျောင်းဆောင် ၁၉၄၃ ခု၊ ဓမ္မာရုံ ၈၇၂ ရုံ၊ ဆွမ်းစားဆောင် ၄၆၃ ခု၊ ကုဋီ ၁၀၃၅ လုံးတို့ ဖြစ်သည်။


လောကာနန္ဒာစေတီတော်ကြီးအတွင်း၌ နိကာယ် ၅ ရပ် စာမေးပွဲ ကျင်းပနေစဉ်။

**လှူဒါန်းထောက်ပံ့မှုများ**

ယင်းသို့ ထိခိုက်ပျက်စီးမှုနှင့်ကြုံခဲ့ရသောမြို့နယ်အသီးသီးတွင် လှူဒါန်းမှုများ ပြုလုပ်ခဲ့ရာ ငွေကျပ် သိန်း ၂၈၇၀၊ သက်ငယ် ၁၃၉၇ စုံ၊ သွပ်ချပ်ရေ ၁၀၆၅၃၉ ချပ်၊ သံ ၄၀၉၁ ဒသမ ၅၄ ပိဿာ၊ သစ် ၃၂၃ ဒသမ ၇၅ တန်၊ ဆွမ်းဆန်တော် ၁၄၉၆ အိတ်၊ ဆီ ၄၉၈ ပိဿာတို့ဖြစ်သည်။ စစ်တွေမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၃၁ ကျောင်းအတွက် ခြင်ထောင် ၁၃၇၈ လုံး၊ စတီးပန်းကန် ၈၂၃ ချပ်၊ စတီးဇွန်းအချောင်း ၈၀၀၊ စတီးခွား ၁၀၀၉ လက်၊ စတီးခွက် ၁၀၀၇ လုံး၊ ရေချိုးခွက် ၇၈ ခွက်ကိုလည်း လှူဒါန်းပေးခဲ့ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်လည်း စစ်တွေမြို့ပေါ်မှ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဖြစ်သော ရွှေစေတီ၊ ခေမာမဏ္ဍိုင်၊ ဝေဠုဝန်၊ ဝေသာလီ (ဓမ္မရတနာ)၊ အမျိုးသား၊ မဟာဗောဓိ၊ မင်းကျောင်း စသည့် ဘုန်းတော်ကြီးကျောင်းများသို့ ငွေကျပ် သိန်း ၁၂၀၀ ပေးအပ်လှူဒါန်းခဲ့ပါသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်ကြီးကြပ်မှုဖြင့် အလှူရှင်များကလှူဒါန်းသော အလှူငွေကျပ်သိန်း ၁၀၆၀ ကိုလည်း စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ မင်းပြား၊ ကျောက်တော်နှင့် မြေပုံမြို့နယ်တို့အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၅၈ ကျောင်းသို့ ခွဲဝေလှူဒါန်းပေးခဲ့ပါသည်။

သီးခြားအလှူရှင်များလည်း ရှိပါသေးသည်။ ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကြီးကြပ်မှုအဖွဲ့က ရခိုင်ပြည်နယ်မြို့နယ်ရှစ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၅၂ ကျောင်းအတွက် ငွေကျပ် သိန်း ၂၆၀ လှူဒါန်းခဲ့သည်။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)ကလည်း စစ်တွေမြို့ ခေမာမဏ္ဍိုင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ စာသင်ခုံများပြုလုပ်ရန် ငွေကျပ် သိန်း ၅၀ ကို လည်းကောင်း၊ ကျန်ကျောင်းများဖြစ်သော ရွှေစေတီ၊ ဝေဠုဝန်၊ ဝေသာလီ၊ အမျိုးသား၊ မဟာဗောဓိ၊ မင်းကျောင်းများ၌လည်း စာသင်ခုံများ ပြုလုပ်ရန် ငွေကျပ်သိန်း ၁၆၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပါသည်။

**စစ်တွေမြို့ပေါ်ရှိ**
**အခြားဘာသာရေးကျောင်းများသို့လည်း**
**လှူဒါန်း**

ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်၍ ပြီးခဲ့သည့်ဇွန်လအတွင်း၌ ဆရီဆရီ ဟိန္ဒူဘုရားကျောင်းသို့ သစ်နှစ်တန်၊ သွပ်အချပ် ၂၀၀၊ ငွေကျပ် ၇၅ သိန်း၊ ဆရီဆရီ စန္ဒီမယ်တော်ဘုရားကျောင်းအတွက် သွပ်အချပ် ၁၀၀၊ ရှင်မာကုကာသီဒြယ် ဘုရားရှိခိုးကျောင်းအတွက် သစ်နှစ်တန်၊ ငွေကျပ် ၇၅ သိန်း ပေးအပ်လှူဒါန်းခဲ့ပါသည်။ သစ်နှင့် သွပ်ချပ်များအား ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ပေးအပ်ခဲ့ပြီး အလှူငွေကျပ် သိန်း ၁၅၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာနက လှူဒါန်းခဲ့ခြင်းဖြစ်သည်။ သနန္တရဓမ္မပါလက ဟိန္ဒူအဖွဲ့ချုပ်ကလည်း ဟိန္ဒူဘုရားကျောင်း ခုနစ်ကျောင်းအတွက် သွပ်အချပ် ၅၅၀၊ ငွေကျပ် ၉၁၀၉၀၀


ဝေဠုဝန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ။

ကိုလည်း ပေးအပ်လှူဒါန်းခဲ့ပါသည်။

**ယဉ်ကျေးမှုအဆောက်အအုံများ**
**ပြန်လည်ပြုပြင်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စစ်တွေဌာနခွဲ)အနေဖြင့် ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်ကြီးအတွင်း အုတ်ကြွပ်ခေါင်မိုးများ ထိခိုက်ပျက်စီးခြင်း၊ ပြတင်းတံခါးများကွဲခြင်း၊ အတွင်းမျက်နှာကြက်များ ပြုတ်ကျခြင်း၊ ရေဆင်းပိုက်၊ ရေတိုင်ကီ၊ ရေတံလျှောက်များ ထိခိုက်ပျက်စီးခြင်းတို့ကို ပြန်လည်ပြုပြင်ပြီးစီးခဲ့ပြီး ရထားဆွဲပွဲပြကွက်၊ ရခိုင်ရိုးရာအိမ်ပြကွက်၊ ရခိုင်မင်္ဂလာဆောင်ပြကွက်၊ ရခိုင်ရိုးရာလှေပြကွက်တို့၌ ပျက်စီးမှုအချို့ကို ပြုပြင်မွမ်းမံပြင်ဆင်ဆဲဖြစ်ပါသည်။ ထိုနည်းတူစွာ ဗုဒ္ဓပြတိုက်တွင်လည်း သွပ်မိုးပျက်စီးမှုကို ပြန်လည်ပြုပြင်ပြီးဖြစ်ပါသည်။ အတွင်းမျက်နှာကြက်များ၊ မှန်တံခါးများနှင့် ခြံစည်းရိုးပျက်စီးမှုတို့ကို ဆက်လက်ပြုပြင် ဆောင်ရွက်ဆဲဖြစ်ပါသည်။ ထိုအဆောက်အအုံများ ပြုပြင်ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ကူညီမှုများစွာပေးခဲ့သည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၏ ခရီးစဉ်နှင့်အတူ မြောက်ဦးမြို့သို့ လိုက်ပါ၍ ယဉ်ကျေးမှုနယ်မြေအတွင်း ထိခိုက်ပျက်စီးမှုများ လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြုပြင်ရေးကိစ္စများ စီမံဆောင်ရွက်ခဲ့ပါသည်။

**သမိုင်းဝင် ဗျာဒိတ်တော်လာစေတီများ**

မြတ်စွာဘုရား၏ ဗျာဒိတ်တော်အရ နန္ဒပဗ္ဗတတောင်၌ ဟင်္သာမင်းဖြစ်ခဲ့ဖူး၍ တည်ထားကိုးကွယ်ခဲ့သော အာဂျပ်တော်စေတီ(ဓာတ်ဦးစေတီ)၊ ဝါရပဗ္ဗတတောင်၌ ကျီးမင်းဖြစ်ခဲ့ဖူး၍ တည်ထားခဲ့သော လက်ယာသလုံးတော်စေတီ(ဓာတ်လယ်စေတီ)၊ သာရဝဏ္ဏပဗ္ဗတတောင်၌ သမင်မင်းဖြစ်ခဲ့ဖူး၍ တည်ထားသော တင်အုံတော်ဓာတ်စေတီ (ဘုရားလေးဆူကျောင်းတိုက်ရှိစေတီ)၊ စူဠနန္ဒပဗ္ဗတတောင်၌ ပဒ္ဓမင်းဖြစ်ခဲ့ဖူး၍ တည်ထားသော လက်ဝဲသလုံးတော်ဓာတ်စေတီတို့သည် အိန္ဒိယနိုင်ငံ ပြည်ထဲရေးဌာန၏ ၁၈၈၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ဆုံးဖြတ်ချက်အမှတ် (၁-၁၆၈-၈၃) အရ ရှေးဟောင်းစေတီအဆောက်အအုံများ ဖြစ်သည်ဟူ၍ မှတ်တမ်းတင်ဖော်ပြထားကြောင်း သိရသည်။ လက်ဝဲသလုံးတော်ဓာတ်စေတီကို မင်းအဆက်ဆက် ကိုးကွယ်လာခဲ့ရာမှ တိမ်မြုပ်ပျောက်ကွယ်သွားပြီး ကောဇာသက္ကရာဇ် ၁၂၉၁ ခုနှစ်တွင် ပြန်လည်တူးဖော်တွေ့ရှိကာ တတိယအကြိမ်မြောက်စေတီတော်အဖြစ် ဓာတ်တော်များ၊ ရုပ်ပွားတော်များကို ဌာပနာ၍ တည်ထားခဲ့ကြောင်း သိရသည်။ လက်ဝဲသလုံးတော် ဓာတ်စေတီတော်ကြီးသည် ဉာဏ်တော်အားဖြင့် ၁၈ တောင်၊ လုံးပတ်တော် ၂၇ တောင်ရှိကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

**ဦးရဲကျော်သူကျောင်းတိုက် (ခ)**
**သံကျောင်း**

စစ်တွေမြို့ မင်းဘာကြီးလမ်းဆင်ကူးလမ်းရပ်ကွက်တွင် တည်ရှိပါသည်။ ဦးရဲကျော်သူမိသားစုက ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်၍ ဦးရဲကျော်သူကျောင်းဟု ခေါ်တွင်ခြင်းဖြစ်သည်။ ထို့အတူ သံကျောင်းဟူ၍လည်း ခေါ်ကြသေး၏။ အကြောင်းရင်းကမူ ဦးရဲကျော်သူသည် ၁၉၁၀ ပြည့်နှစ်တွင် ထိုကျောင်းကို ဆောက်လုပ်ရန်အတွက် သစ်မာများ ဝယ်ယူစုဆောင်းခဲ့သည်။ ယင်းသို့စီစဉ်နေဆဲမှာပင် ဦးရဲကျော်သူ ကွယ်လွန်ခဲ့၏။ ၎င်း၏ဇနီးဖြစ်သူ ဒေါ်သန္တာဖြူက သားဖြစ်သူ ဦးရွှေသာအား ခေါ်ယူ၍ ကျောင်းဆက်လက်ဆောက်လုပ်ရန် တိုင်ပင်ခဲ့သည်။ ဦးရွှေသာက စဉ်းစားသည်မှာ သစ်ချည်းသက်သက်ဆောက်လျှင် နောင်နှစ်ပေါင်းများစွာ တာရှည်မခံနိုင်၊ တာရှည်ခံအောင် အင်္ဂလန်မှ လိုအပ်သော သံထည်၊ သံတန်ဆာများ ဝယ်ယူတည်ဆောက်ရန် စိတ်ကူးရ၏။ ထို့ကြောင့် ဖခင်စုဆောင်းထားသော ကျွန်းသစ်မာအချို့ကို ပြန်လည်ရောင်းချပြီး သံထည်ပစ္စည်းများ မှာယူတင်သွင်းသည်။ အိန္ဒိယမှ အင်ဂျင်နီယာ၊ လက်သမားများ ငှားရမ်းခေါ်ယူကာ အောက်ခြေကွန်ကရစ်လောင်းပြီး သံတိုင်၊ သံဖုန်းလျှာ၊ သံထု၊ လျှောက်၊ သံအခြင်၊ သံကုန်ဖီ၊ သံမုခ်တို့ဖြင့် ကြီးကျယ်ခမ်းနား မြင့်မားသည့် သံကျောင်းကို ဆောက်လုပ်ခဲ့သည်။ ပြာသာဒ်သုံးဆင့်တင်လျက် ၁၉၁၀ ပြည့်နှစ်မှစတင်ဆောက်လုပ်ခဲ့ရာ ၁၉၁၇ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။ မြေကေ ၂ ဒသမ ၅ ကေပေါ်တွင် အလျား ပေ ၁၁၀၊ အနံ ပေ ၁၁၀၊ အမြင့် ပေ ၇၀ ရှိ ရှေးဟောင်းကိုလိုနီခေတ် အုတ်တိုင်အဆောက်အအုံ ဗိသုကာလက်ရာပုံစံ အဆောက်အအုံဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ ဇူလိုင်လ ၁၀ ရက်နေ့ သွားရောက်ခဲ့သော ရခိုင်ပြည်နယ်ခရီးစဉ်တွင် မိုခါမုန်တိုင်းဒဏ်ကြောင့် ဦးရဲကျော်သူကျောင်းအမိုးများ ပျက်စီးသွားမှုကို ပြန်လည်ပြုပြင်ရန်၊ ဆွေးမြည့်ဟောင်းနွမ်းလာသည့် သံအဆင်တန်ဆာများကို အစားထိုးပြုပြင်ရန်၊ ၎င်းကျောင်းဝင်းထဲမှ သကျမုနိသိမ်တော်ကိုလည်း မူလရောင်စုံမှန်ချပ်များအတိုင်း စာမျက်နှာ ၁၀ သို့ ✦

# MRTV DTH စနစ်တွင် ရုပ်သံလိုင်းများ ထည့်သွင်းထုတ်လွှင့်နိုင်ရန် Request For Proposal တင်သွင်းသည့် ကုမ္ပဏီများက အဆိုပြုလွှာများ လာရောက်ရှင်းလင်းတင်ပြ



နေပြည်တော် ဇူလိုင် ၂၇

MRTV DTH စနစ်တွင် ရုပ်သံလိုင်းများ ထည့်သွင်းထုတ်လွှင့်နိုင်ရန် Request For Proposal တင်သွင်းသည့် ကုမ္ပဏီများက အဆိုပြုလွှာများ ရှင်းလင်းတင်ပြခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ရှင်းလင်းတင်ပြပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် Forever Group Co.,Ltd ၊ ABC Content Solution Co.,Ltd၊ New Image Trading Co.,Ltd တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုကဲ့သို့ မီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအစီအစဉ်များကို အရည်အသွေးကောင်းကောင်း၊ အဆင့်အတန်းရှိရှိနှင့် ပြည်သူလူထု စိတ်ဝင်စားသည့် Channel အစီအစဉ်များ ဖြစ်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် MRTV DTH Platform (Direct to Home) စနစ်တွင် ရုပ်သံလိုင်းများ ထည့်သွင်းပြသခွင့်ပြုနိုင်ရေး စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ယခုတင်သွင်းလာသည့် ကုမ္ပဏီများ၏ ရှင်းလင်းတင်ပြချက်များအပေါ် စိစစ်ရေးကော်မတီအကဲဖြတ်အဖွဲ့က စိစစ်ရွေးချယ်နိုင်ရေး လုပ်ငန်းစဉ်အတိုင်းစိစစ်၍ သုံးသပ်တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Forever Group Co.,Ltd မှ တာဝန်ရှိသူများက Forever Guoup မှ မိမိတို့၏ Digital Free to Air အခမဲ့ ရုပ်သံလိုင်းများဖြစ်သော မဟာဇာဝ၊ MRTV – 4 ၊ Channel 7 နှင့် Readers Channel ရုပ်သံလိုင်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုပျံ့နှံ့ရောက်ရှိစေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက လက်ရှိထုတ်လွှင့်နေသော DVB/T–2 စနစ်တွင် ထုတ်လွှင့်နေသော Channel နှစ်ခုအပြင် Channel နှစ်ခု ထပ်တိုးပြီး Channel လေးခုအား MRTV DTH Platform (Direct to Home) စနစ်တွင် ထည့်သွင်းထုတ်လွှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ABC Content Solution Co.,Ltd မှ တာဝန်ရှိသူက တင်သွင်းလျှောက်ထားလိုသည့် HD ရုပ်သံလိုင်းနှစ်လိုင်းမှာ Mahar Variety Channel နှင့် Mahar Esports Channel တို့ဖြစ်ပါကြောင်း၊ အရည်အသွေးမြင့်သော အနုပညာထုတ်ကုန်များကို ဦးစားပေးထုတ်လုပ်သွားမည်ဖြစ်ပြီး ပရိသတ်ရှေ့မှောက်သို့ အချိန်နှင့်တစ်ပြေးညီ ဖျော်ဖြေမှုနှင့် သတင်းအချက်အလက်များ ရောက်ရှိရမည်၊ ပြည်တွင်းရုပ်သံ ထုတ်လွှင့်မှုမှသည် ပြည်ပရောက် မြန်မာနိုင်ငံသားများအထိ ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ပါကြောင်း၊ Electronic Media ခေတ်တွင် နိုင်ငံတကာနှင့်တန်းတူ မြန်မာနိုင်ငံကိုယ်စားပြု Esport Channel တစ်ခု ပေါ်ပေါက်လာစေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

New Image Trading Co.,Ltd မှ တာဝန်ရှိသူကလည်း MRTV DTH တွင် ဖျော်ဖြေရေးရုပ်သံလိုင်းတစ်ခု ထည့်သွင်းထုတ်လွှင့်လိုပါကြောင်း၊ မိမိတို့ ရုပ်သံလိုင်းအနေဖြင့် မြန်မာပြည်တွင်း ရုပ်ရှင်ရုံများ၏ တိုးတက်နှုန်းနှေးကွေးလာခြင်းအပေါ် တတ်အားသရွေ့ အားဖြည့်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော တီထွင်ဆန်းသစ်မှုနှင့် ပရောဂျက်ဝန်ဆောင်မှုများကို ရှာဖွေနေသည့် ဖောက်သည်များအတွက် ပထမဦးဆုံးသော ရွေးချယ်မှုဖြစ်လာရန်၊ ထိပ်တန်းရုပ်ရှင်နှင့် ဖျော်ဖြေရေးနေရာအဖြစ် မြန်မာနိုင်ငံတစ်ဝန်း အသိအမှတ်ပြုခံရစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က အစီအစဉ်၊ နည်းပညာနှင့် ဘဏ္ဍာရေးကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ရုပ်သံနှင့် ရေဒီယို/အက်ဖ်အမ်အစီအစဉ်များကို နေ့စဉ်ထုတ်လွှင့်လျက်ရှိရာ ရုပ်သံအစီအစဉ်များကို DVB/T–2 စနစ်ဖြင့် ထုတ်လွှင့်မှုအပြင် DTH စနစ်ဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ In-house Channel များဖြင့်သာ ထုတ်လွှင့်ခဲ့ရာမှ ယခုအခါ ပုဂ္ဂလိက Channel များလည်း ထည့်သွင်းထုတ်လွှင့်မှုဖြင့် ရုပ်သံမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇူလိုင် ၂၇

မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ကို ယနေ့မွန်းလွဲပိုင်းတွင် လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများနှင့် ကဏ္ဍအသီးသီးတွင် ထူးချွန်ဆုရရှိခဲ့ကြသူများကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုရရှိခဲ့ကြသူများ၏ အမည်စာရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးပို့ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဘဏ္ဍာရေး၊ တည်းခိုနေထိုင်ရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ထူးချွန်ဆုချီးမြှင့်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

✦ စာမျက်နှာ ၉ မှ

ပြန်လည်တပ်ဆင်ပေးရန်၊ ယင်းသို့ပြုပြင်ရာတွင် ရှေးမူရှေးလက်ရာမပျက် ပြန်လည်ပြုပြင်တည်ဆောက်ပေးရန်၊ အလှူရှင်များ၏ကမ္ပည်းများကိုလည်း မူလအတိုင်း ပြန်လည်ရေးထိုးဖော်ပြပေးရန် လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

**အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး**

သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်အထိ စစ်တွေမြို့တွင်ကိုးကွယ်ရန် ဆင်းတုတော်ကြီးကြီးမားမား မရှိသေးပေ။ သံတွဲမြို့မှ ဒေသစာရီကြွချီလာသည့် စန္ဒမုနိရုပ်ပွားတော်မြတ်သည်လည်း စစ်တွေမြို့ ဝက်ပါကွင်းတွင် သုံးနှစ်တာမျှ ထားရှိအပူဇော်ခံပြီးနောက် မူလဘုရားဒါယကာများက ၁၂၆၄ ခုနှစ်တွင် ပြန်လည်ပင့်ဆောင်သွားခဲ့သည်။ ဘုရားပြန်ကြွသွားသဖြင့် မြို့လူထုမှာ စိတ်နှလုံးညှိုးနွမ်းနေခိုက် “ငွေလုံလဲကိုင်၊ ကိန်းနှင့်ဆိုင် ရခိုင်ဘုရားပေါ်လတ္တံ့” ဆိုသည့် တဘောင်တစ်ခုပေါ်လာကြောင်း သိရသည်။ တဘောင်၏ အဓိပ္ပာယ်ကိုမူ မဖော်နိုင်ခဲ့ကြ။ သက္ကရာဇ် ၁၂၆၁ ခု၊ သာသနာသက္ကရာဇ် ၂၄၄၂ ခုနှစ်တွင် ပထမကျားရုပ်ဆရာတော် ဘဒ္ဒန္တဦးအဂ္ဂသည် ကျောင်းတွင်လာရောက်တည်းခိုနေသည့် ကြေးသွန်းဆရာကြီး ဦးဘိုးယောက်ကို ထိုင်တော်မူဆင်းတုတော်တစ်ဆူ နမူနာသွန်းလုပ်စေခဲ့သည်။ ဆင်းတုတော်မှာ ကြည်ညိုဖွယ်ရာဖြစ်၍ မြို့လူထုက နှစ်သက်ဝမ်းမြောက်ကြသဖြင့် ယင်းပုံတော်အတိုင်း သွန်းလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဘုရားသွန်းလုပ်မည့်သတင်းကြောင့် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသူများသည် ဝတ်ဆင်လာသည့် စိန်၊ ရွှေ၊ ငွေ ရတနာပစ္စည်းများကို လှူဒါန်းပူဇော်ကြသည်။ တဘောင်တွင်ပါဝင်သည့် ငွေ၊ လုံ၊ လဲ၊ ကိုင်သည် နေ့သင့်နံသင့်တွက်ပါက ၂၄၄၂ ဖြစ်သောကြောင့် ဘုရားသွန်းလုပ်ရန် အကြောင်းပေါ်လာသည်ဟုဆိုကြ၏။ ယင်းရုပ်ပွားတော်မြတ်ကြီးကို ပထမကျားရုပ် ဆရာတော်ကြီး၏ ဝမ်းကွဲအစ်ကိုတော်စပ်သူ ရှုပရုပ်နေ ဆန်စက်ပိုင်ရှင် ဦးသာဖံအား ဘုရားဒါယကာအဖြစ် တာဝန်ပေးကာ သွန်းလုပ်စေခဲ့သည်။ သွန်းလုပ်ပြီးဆင်းတုတော်ကို ယခင်စန္ဒမုနိရုပ်ပွားတော် သီတင်းသုံးသည့်နေရာတွင် ယာယီစံကျောင်းတော်ဖြင့် အပူဇော်ခံထားရှိခဲ့သည်။ ယင်းနောက်မှ ၁၂၆၅ ခုနှစ်တွင် လက်ရှိနေရာသို့ ပင့်ဆောင်ပြီး ဂန္ဓကုဋိတိုက်နှင့် မူလသိမ်တော်အား ၁၂၇၂ ခုနှစ်တွင် ဆောက်လုပ် လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ ဘွဲ့တော်ကို ပြည်လုံးချမ်းသာဘုရားကြီးဟု သမုတ်ခေါ်ဝေါ်ပူဇော်လာခဲ့ကြကြောင်း သိရသည်။

မိုခါမုန်တိုင်းသည် အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီး၏ တန်ဆောင်းပြာသာဒ် ဘုံခုနစ်ဆင့်အား တိုက်ခတ်ခဲ့ပြီး တင်လှူထားသော စိန်ဖူးတော်ကို မြေခသွားစေခဲ့သည်။ ကျိုးပဲ့သွားသော ပြာသာဒ်များကို ပြန်လည်ပြုပြင်ရမည်ဖြစ်သည်။ အဆိုပါဘုရားကြီးရှေ့ ဝက်ပါကွင်းထဲတွင် သစ်ပင်ကိုင်းများ ပြိုလဲသွားမှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက လုပ်အားဒါနပေးလှူ၍ အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးခဲ့ကြသည်။

**ရခိုင်ဒေသ ဗုဒ္ဓသာသနာ ရောင်ဝါလင်းစေသောဝ်**

အရှင်နာဂိန္ဒမော်ကွန်း၌ “အမျိုးသီလ နှစ်ဌာနကို၊ ပြည့်ဝမဏ္ဍိုင်၊ စောင့်စွမ်းနိုင်သည်၊ ရက္ခိုင်နာမ၊ ဘွဲ့မည်လှဖြင့်၊ အန္တတ္တသညာ၊ ခေါ်အပ်စွာတည်း၊ ဗုဒ္ဓဝင်မှာလည်း၊ ကျွန်းတွင်ဇမ္ဗူ၊ လူတွင်ရခိုင်၊ ကြိုင်သည့်သတင်း၊ ကင်းသည့်အပြစ်၊ ချစ်သည့်အမျိုး၊ ကြိုးသည့်လုံ့လ၊ မြတ်စာဂနှင့်၊ နှစ်ဝနတ်လူ၊ ချစ်ကြည်ဖြူသည်၊ နိဗ္ဗူဆုတောင်း ပြည့်အံ့သတည်း ........”ဟု ရေးထိုးထားခဲ့ကြောင်း လေ့လာဖတ်ရှုခဲ့ရသည်။ အမှန်တကယ်လည်း ရခိုင်ဒေသသည် ခေတ်အဆက်ဆက်၌ သာသနာရောင်ဝါ ထိန်လျှံညီးခဲ့သည်။ အမျိုးသီလနှစ်ဌာနကို စောင့်ထိန်းခဲ့ကြသည်။ မိုခါမုန်တိုင်းသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေသူ အားလုံးသည်လည်း ရခိုင်ပြည်နယ်သူ ပြည်နယ်သားများနှင့်ထပ်တူအမျှ ကုသိုလ်ရ၍ နိဗ္ဗူထိအောင် ရည်မှန်းကြိုးကုတ်အားထုတ် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းလိုက်ရပါသတည်း။ ။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းအခမ်းအနား၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်း အခမ်းအနား၊ ရေစက်ချမဟာမင်္ဂလာအခမ်းအနားများသို့ တက်ရောက်ပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းအခမ်းအနား၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓဥယျာဉ်တော်သာသနိက အဆောက်အဦများ လှူဒါန်းခြင်း ရေစက်ချမဟာမင်္ဂလာအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ (အင်္ဂါနေ့)နံနက်ပိုင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ပူဇော်လိုသည့် အလှူရှင်များအနေဖြင့် အောက်ပါ ပုဂ္ဂိုလ်/တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးပို့ဆောင်ရွက်နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| (က) | ဦးအာကာမော် | ၀၉-၆၇၆၆၄၁၁၆၈ |
| (ခ) | ဦးအောင်ကို | ၀၉-၆၇၅၀၀၀၂၁၃ |
| (ဂ) | ဦးသော်ဇင်လှိုင် | ၀၉-၆၈၆၁၆၀၉၈၉ |
| (ဃ) | ဦးချစ်ဖြိုးနိုင် | ၀၉-၆၇၄၂၂၀၀၈၄ |
| (င) | ဦးအေးမင်းထက် | ၀၉-၆၆၀၉၈၅၉၅၆ |

# “ဝ”အမျိုးသားပါတီ (WA NATIONAL PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄၀ / ၂၀၂၃ )**

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
( ၂၀၂၃ ခုနှစ် ၊ ဇူလိုင်လ ၂၇ ရက် )

**“ဝ”အမျိုးသားပါတီ (WA NATIONAL PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ နယ်မြေ (၂)၊ ရပ်ကွက်(၁)၊ သာယာလမ်း၊ အမှတ် (၄၀) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **“ဝ”အမျိုးသားပါတီ (WA NATIONAL PARTY)** ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**“ဝ”အမျိုးသားပါတီ (WA NATIONAL PARTY)** ၏ မှတ်ပုံတင်အမှတ်မှာ (၃၅) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် အရှေ့တောင်အာရှ ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်မှုနှင့် ပညာရေးပြုပြင်ပြောင်းလဲရေးမူဝါဒဆိုင်ရာ အာဆီယံပညာရေးဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

## ကြိုဆို

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ Online Platform ဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အသုံးပြုနည်းသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ Online Platform ဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် အသုံးပြုနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကော်မရှင်ရုံးတို့မှတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကချင်ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က ချမှတ်ထားရှိသည့်လုပ်ငန်းအစီအစဉ်(၆)ရပ်၊ လုပ်ငန်းတာဝန် (၃) ရပ်တို့နှင့်အညီ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အသေးစားအဂတိလိုက်စားမှုများ လျှော့ချရန်နှင့် ကာကွယ်တားဆီးရန် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၏ အရည်အသွေးကို သိရှိရန်နှင့် အစိုးရအဖွဲ့နှင့် ပြည်သူများအကြား ယုံကြည်မှု ပိုမိုခိုင်မာလာစေရန် ရည်ရွယ်၍ အသုံးပြုလျက်ရှိကြောင်း၊ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို ဆောင်ရွက်ရာ၌ Short Code နံပါတ် “1111” ဖြင့် SMS ပေးပို့ရယူလျက်ရှိရာ တုံ့ပြန်မှုရာခိုင်နှုန်း တိုးတက်လာသော်လည်း လိုအပ်ချက်များ ရှိနေသေးကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းဆိုသည်မှာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ရသည့် ကိစ္စမျိုးမဟုတ်ဘဲ နယ်ပယ်စုံ၊ ကဏ္ဍစုံတွင်ရှိသည့် တစ်ဦးတစ်ယောက်ချင်းမှစ၍ အဖွဲ့အစည်းအထိပါ ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းမျိုးဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ဆွေးနွေးပို့ချပေးမည့် နည်းပညာဆိုင်ရာ သင်ခန်းစာများကို မှတ်သားလိုက်နာပြီး ကိုယ်တိုင်တတ်သိလိုစိတ်ဖြင့် ကြိုးစားလေ့လာကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန တားဆီးကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက PFP Web Portal အသုံးပြုနည်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။







သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းနိုင်ရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေး အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်တစ်စီးဖြင့် နှာခေါင်းစည်း ၁ ဒသမ ၃၅၃ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကို အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၏**
**သဘောထားထုတ်ပြန်ချက်**

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၊ ၂၇ ရက်။

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးအပါအဝင် (၇)ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင်လ (၂၀)ရက်နေ့တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဇူလိုင်လ (၂၂)ရက်နေ့တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသော လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-ဦးစီးမှူးအားလည်း လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်လုပ်ကြံသွားကြောင်း သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော အနာဂတ်လူငယ်မောင်မယ်များကို ပညာသင်ကြားပေးနေသူများအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ရက်စက်ယုတ်မာစွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းတို့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်**

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ ကြာသပတေးနေ့

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း (ထားဝယ်) မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏ သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး၊ စုစုပေါင်း ၇ ဦးတို့အား ဇူလိုင်လ ၂၀ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဇူလိုင်လ ၂၂ ရက်တွင်လည်း အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်သွားကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအား ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်လုပ်ကြံခြင်း စသည့်လုပ်ရပ်များကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်နေသော PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်းများအောင်မြင်ရေး ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဇူလိုင် ၂၇

မြန်မာနိုင်ငံ၏ ပြည်ပစားသုံးဆီတင်သွင်းမှု လျော့ကျစေရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးအတွက် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သကဲ့သို့ အရည်အသွေးကောင်း စားသုံးဆီများ ထုတ်လုပ်ရန် အဆင့်မီဆီစက်များလည်း လိုအပ်သဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်ဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ချေးငွေစိစစ်ကြီးကြပ်ရေးနှင့် စောင့်ကြည့်လေ့လာသုံးသပ်ရေး (Monitoring and Evaluation) အဖွဲ့ ခေါင်းဆောင်ဖြစ်သော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဆီစက်လုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်စစ်ဆေးသည်။

အမြဲတမ်း အတွင်းဝန်သည် တပ်ကုန်းမြို့နယ် ထန်းတောကြီးကျေးရွာရှိ ကျော်သန်းဆီစက်၊ ခရမ်းစပ်ကုန်းကျေးရွာရှိ စိန်စီဆီစက်နှင့် ဆရာစံရပ်ကွက်ရှိ ရန်နိုင်ဆီစက်တို့သို့ သွားရောက်ပြီး ချေးငွေထုတ်ယူပြီးစီးမှု အခြေအနေ၊ ချေးငွေစီမံချက်ပါအတိုင်း ဆီစက်လုပ်ငန်းတွင် အမှန်တကယ်လိုက်နာသုံးစွဲမှု ရှိ/ မရှိတို့ကို ကြီးကြပ်စစ်ဆေးကာ လုပ်ငန်းအခက်အခဲများအပေါ် ဌာနဆိုင်ရာများနှင့်အတူ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## သပိတ်ကျင်းမြို့နယ်၌ ၂၀၂၃ခုနှစ် မိုးရာသီလူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကျင်းပ

သပိတ်ကျင်း ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကမ္ဘာအေးကွက်သစ်၌ ကျင်းပသည်။

**စုစုပေါင်း အပင် ၅၀၀ စိုက်ပျိုး**

ဦးစွာ သပိတ်ကျင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပျိုးပင်များဖြန့်ဝေပေးခဲ့ပြီး သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်၍ ဒေသအပူချိန် လျော့ချနိုင်စေရန်နှင့် ဂေဟစနစ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကျွန်းပင် ၂၀၀၊ ပိတောက် ပင် ၁၅၀၊ ခရေပင် ၅၀၊ စိန်ပန်းပင် ၅၀၊ ငုရွှေဝါပင် ၅၀ စုစုပေါင်းအပင် ၅၀၀ စိုက်ပျိုးခဲ့သည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ သပိတ်ကျင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းပါဝင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကဝမြို့နယ်၌ မိုးရာသီဒီရေတော သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကဝ ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် ဇူလိုင် ၂၆ ရက်က ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီဒီရေတော သစ်ပင်စိုက်ပျိုးပွဲကို အောင်ကံလှိုင်ကျေးရွာအနီး စစ်တောင်းမြစ်ဝရှိ အောင်နိမိတ်ဒီရေတောအဆိုပြုကြိုးပြင်ကာကွယ်တောအတွင်း ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျ ဦးဆောင်သည့် တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် သစ်တောဝန်ထမ်းများ၊ ကဝမြို့နယ်ဌာနဆိုင်ရာ



ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၇၅ ဦးတို့က စုပေါင်းစိုက်ပျိုးခဲ့ကြ ကြောင်း သိရသည်။

**ကြေးမုံ**

## အပြည်ပြည်ဆိုင်ရာ ဒီရေတော ဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျောင်းကုန်း ဇူလိုင် ၂၇

၂၀၂၃ ခုနှစ် "အပြည်ပြည်ဆိုင်ရာ ဒီရေတော ဂေဟစနစ် ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်သစ်တောဦးစီးဌာန ကျောင်းကုန်းဘိနယ်မှူးကြီးမှူး၍ ကျောင်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် အောင်ရတနာဘုန်းကြီးကျောင်းဝင်းအတွင်း၌ ယမန်နေ့နံနက် ၇ နာရီခွဲက စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင်(၂)ဦးတင်မောင်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်ဦး၊ ရေကြည်မြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးကိုကိုလေးနှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၁၅၀ ခန့်က အမြင့်သုံးပေနှင့်အထက်ရှိသော ကျွန်းပင် ၁၅၀ နှင့်မန်ဂျန်ရှားပင် ၅၀၀ စုစုပေါင်း အပင် ၆၅၀ အား စိုက်ပျိုးခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးမြင့်မားသည့် သီးနှံမျိုးသစ်များ တိုးမြှင့်မွေးမြူထုတ်လုပ်နိုင်ရန် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သော မျိုးဗီဇပညာရှင် အရင်းအမြစ်များ လိုအပ်လျက်ရှိ



နေပြည်တော် ဇူလိုင် ၂၇

ပြောင်းလဲသက်ရောက်လာသော ရာသီဥတု အခြေအနေအပေါ် မူတည်၍ ဒေသရာသီဥတုနှင့် ကိုက်ညီသော အထွက်နှုန်း ကောင်းမွန်ပြီး အရည်အသွေး မြင့်မားသည့် သီးနှံမျိုးသစ်များ တိုးမြှင့်မွေးမြူ ထုတ်လုပ်နိုင်ရန် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သော မျိုးဗီဇပညာရှင် အရင်းအမြစ်များ လိုအပ်လျက်ရှိကြောင်း ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ပြောကြားသည်။

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် စိမ်းစားပင် ဆန်စပါး သရုပ်ပြစိုက်ကွင်း၌ ကွင်းဆင်းလေ့လာနေကြသော ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် အပင်မျိုးမွေးမြူရေး ဘာသာရပ်အထူးပြု ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ကျောင်းပြီးပါက မိမိကိုယ်ပိုင်လုပ်ငန်းခွင်တွင်ဖြစ်စေ၊ နိုင်ငံ လုပ်ငန်းခွင်တွင်ဖြစ်စေ မျိုးသစ်များ မွေးမြူထုတ်လုပ်ရေးနှင့် မျိုးသန့်မျိုးစေ့ ထုတ်လုပ်ရေး ပညာရပ်များကိုပါ လေ့လာသွားရန်လိုအပ်ကြောင်း၊ အခြေခံစပါးမျိုးမွေးမြူရေးပညာရပ်ကို စာတွေ့ လက်တွေ့ ကျွမ်းကျင်ပိုင်နိုင်မှုရှိရေး စနစ်တကျ လေ့လာသွားကြစေလိုကြောင်းကိုလည်း ထည့်သွင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့နှင်းသဘင် အစည်းအဝေးခန်းမသို့ ရောက်ရှိရာ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများက အသစ်ဖွဲ့စည်းထားရှိသော ဘာသာရပ်ဆိုင်ရာ ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှု၊ စာသင်နှစ်အလိုက် တိုးမြှင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ကျောင်းဆင်း မောင်မယ်များ၏ ဘဝတစ်သက်တာတွင် အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေး ပညာရှင်များအဖြစ် အောင်မြင်ခိုင်မာစွာ ရပ်တည်နိုင်ရေးသာမက အနာဂတ်လယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်း ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၄၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၇-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၇-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီမှ (၂၇-၇-၂၀၂၃) ရက်နေ့ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅,၀၄၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၉)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၁၀,၂၄၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၂၅)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇)ဦးရှိသဖြင့် ယနေ့အထိပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၉,၇၉၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျေးရှိုဂူးတို့ နောက်ဆုံးပေါ် ဒုံးကျည်များပါဝင်သည့် လက်နက်ပြပွဲသို့ သွားရောက်ကြည့်ရှု



ပြုံယမ်း ဇူလိုင် ၂၇

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျေးရှိုဂူးတို့သည် မြောက်ကိုရီးယား၏ နောက်ဆုံးပေါ် ဒုံးကျည်များပါဝင်သည့် လက်နက်ပြပွဲသို့ ယမန်နေ့တွင် သွားရောက် ကြည့်ရှုခဲ့ကြောင်း မြောက်ကိုရီးယား မီဒီယာများက သတင်းဖော်ပြသည်။

လက်နက်ပြပွဲ၌ ဇူလိုင် ၁၂ ရက်က ဒုတိယအကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့သည့် Hwasong-18 တိုက်ချင်းပစ် ဒုံးကျည် အမျိုးအစားအသစ်လည်း ပါဝင်ပြသထားသည်။

### ရောက်ရှိနေ

ဆာဂျေးရှိုဂူးသည် ပြုံယမ်း၌ ယနေ့ကျင်းပသည့် ကိုရီးယားစစ်ပွဲ အပစ်အခတ်ရပ်စဲရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ရန် မြောက်ကိုရီးယားသို့ ရောက်ရှိနေသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်ထံမှ ကိုယ်ရေးကိုယ်တာ စာတစ်စောင်ကို ဆာဂျေးရှိုဂူးက ခေါင်းဆောင်ကင်ဂျုံအန်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်ကင်နှင့် ဆာဂျေးရှိုဂူးတို့သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးနယ်ပယ်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အလားတူ အပစ်အခတ်ရပ်စဲရေး နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားတက်ရောက်ရန် တရုတ်ကိုယ်စားလှယ်အဖွဲ့လည်း မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလျက်ရှိသည်။ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ကိုယ်ရေးကိုယ်တာ စာတစ်စောင်ကို ခေါင်းဆောင်ကင်ထံသို့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ဖိလစ်ပိုင်နိုင်ငံ၌ ခရီးသည်တင်စက်လှေတစ်စင်း တိမ်းမှောက်မှုကြောင့် ၂၁ ဦး အနည်းဆုံး သေဆုံး

မနီလာ ဇူလိုင် ၂၇

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်အရှေ့ဘက် ရိုင်ဇယ်လ်ပြည်နယ်ရှိ ရေကန်တစ်ခုတွင် ခရီးသည်တင်စက်လှေတစ်စင်း တိမ်းမှောက်ခဲ့ရာ ၂၁ ဦး အနည်းဆုံး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က အတည်ပြုပြောကြားသည်။

အဆိုပါမတော်တဆမှုသည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီဝန်းကျင်တွင် ဖြစ်ပွားခဲ့ပြီး ၂၁ ဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ်ကြီး အာမန်ဒိုဘာလီလိုက ရုပ်သံအင်တာဗျူးတစ်ခုတွင် ပြောကြားသည်။

စက်လှေသည် ရိုင်ဇယ်လ်ပြည်နယ်ရှိ ဘီနန်ဂိုနန်မြို့၏ အကြီးဆုံးရေကန်ဖြစ်သော Laguna de Bay ရှိ Talim ကျွန်းသို့ ဦးတည်ထွက်ခွာလာစဉ် တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် စက်လှေပေါ် လိုက်ပါစီးနင်းသူများ အထိတ်တလန့်ဖြစ်ခဲ့ပြီးနောက် ဆိပ်ကမ်းဘက်သို့မရောက်မီ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က ဆိုသည်။

မတော်တဆမှုအတွင်း ရေနစ်သေဆုံးသူ ၂၁ ဦးရှိပြီး ကျန် ၄၀ အသက်ရှင်သန်လွတ်မြောက်ခဲ့ကြောင်း ရိုင်ဇယ်လ်ပြည်နယ် ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

တိုင်ဖွန်းမုန်တိုင်း ဒွေါ့ဆူရီတိုက်ခတ်မှုကြောင့် နိုင်ငံအတွင်း ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး အနည်းဆုံး ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ဗီယက်နမ်နိုင်ငံမှ အထည်ချုပ်လုပ်ငန်းများ အစိမ်းရောင်ထုတ်လုပ်ရေးလုပ်ငန်းများအဖြစ် ပြောင်းလဲ

ဟန္နိုင်း ဇူလိုင် ၂၇

ဗီယက်နမ်နိုင်ငံမှ အထည်ချုပ်ကုမ္ပဏီများသည် သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် အစိမ်းရောင်ကုန်ထုတ်လုပ်ရေးလုပ်ငန်းသို့ ပြောင်းလဲရေးအတွက် ကြိုးပမ်းလာကြကြောင်း ဒေသခံသတင်းစာ ဗီယက်နမ်နယူးစ်၏ ယနေ့သတင်းအရ သိရသည်။

နိုင်ငံမှ အထည်ချုပ်ထုတ်ကုန်များကို ကမ္ဘာလုံးဆိုင်ရာ မှာယူမှုများ ကျဆင်းနေချိန်တွင် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။

ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်ဆုံးရှုံးခြင်းကို ကာမိစေရေးအတွက် ပြည်တွင်းကုမ္ပဏီများသည် အစိမ်းရောင်ထုတ်လုပ်မှုကွင်းဆက်များဆီသို့ ကူးပြောင်းရန် လိုအပ်သည်ဟု သတင်းစာကမှတ်ချက်ပြုသည်။ နိုင်ငံအတွင်းရှိ အထည်ချုပ်လုပ်ငန်းများသည် ဥရောပနိုင်ငံများ မှ လက်ခံသည့် အရည်အသွေးမြင့် အဝတ်အထည်များထုတ်လုပ်ရေးအတွက် ပြီးခဲ့သည့်နှစ်များအတွင်းကပင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း ဗီယက်နမ်အထည်ချုပ်လုပ်ငန်းအဖွဲ့မှ ဥက္ကဋ္ဌ ဗူဒတ်ဂျီအန်းက ပြောကြား သည်။

ဗီယက်နမ်အထည်အလိပ်လုပ်ငန်းသည် အရင်းအမြစ်များကို ထိရောက်စွာအသုံးပြုရေး၊ စွန့်ပစ်ပစ္စည်းများလျှော့ချရေးကို ဦးတည်လုပ်ဆောင်သင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# တရုတ်အမျိုးသားများထံရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂၇

အမျိုးသမီးလေးဦးကို တရုတ်အမျိုးသားများထံ ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ်(၂၀) ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နေ ဒေါ်ခမ်းစိန်(ခ)မရှမ်းမ၊ ရှမ်းပြည်နယ် မူဆယ်မြို့နေ မခင်ချိုသက်၊ မခင်သူသူ(ခ)အကြီးမ၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နေ မဝင်းဝင်းတို့က မန္တလေးတိုင်းဒေသကြီးနေ မ ---၊ ၂၂ နှစ်၊ ဧရာဝတီတိုင်းဒေသကြီးနေ မ---၊ ၁၉ နှစ်၊ မ----၊ ၁၈ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီးနေ မ---၊ ၁၉ နှစ်တို့ကို တရုတ်ယောကျ်ားယူပါက မြန်မာငွေကျပ် သိန်း ၅၀ မှ သိန်း ၁၀၀ ကျော်ခန့်အထိ ရရှိမည်ဟု ပြောဆိုစည်းရုံးခေါ်ဆောင်၍ တရုတ်ယောကျ်ားများထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သဖြင့် မူဆယ်မြို့မရဲစခန်း(ပ)၁၂၀/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၇(က)/၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်၍ မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၆ ရက်တွင် တရားခံ ဒေါ်ခမ်းစိန်(ခ)မရှမ်းမကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၇(ခ)အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ် (၂၀) သီးခြားစီကျခံစေရန်နှင့် တရားခံ မခင်ချိုသက်၊ မခင်သူသူ(ခ)အကြီးမနှင့် မဝင်းဝင်းတို့ သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ် (၂၀) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၇

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း တာဝန်ခံ ဦးဆောင်သော ထုတ်နုတ်ပူးပေါင်းအဖွဲ့သည် ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၉၃)မိုင် (၁) ဖာလုံအနီး၌ ရပ်တန့်ထားသော ယာဉ်နှစ်စီးနှင့် ဘီးလင်းတိုးဂိတ်အနီး၌ ယာယီတားဆီးထားသည့် ယာဉ်သုံးစီးတို့အား စိစစ်၍ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းသို့ ပို့ဆောင်ပြီး အသေးစိတ် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပြောင်းအိတ် ၃၅၇၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃၅၃၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head နှစ်စီး၊ Man Tractor Head တစ်စီး၊ Scania Tractor Head တစ်စီး၊ Chenglong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ငါးတွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၅၃၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဇူလိုင် ၂၅ ရက်တွင် ဧရာဝတီတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က ပုသိမ်-ရန်ကုန် ကားလမ်း ကိုးဆူကျေးရွာ စစ်ဆေးရေးဂိတ်အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ Toyota Belta ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က ရေစကြိုမြို့ အမှတ်(၇)ရပ်ကွက် မြို့အဝင် ဆိုင်းဘုတ်အနီး၌ တရားမဝင် စက်သုံးဆီ(ချက်ဆီ) ဂါလန် ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀)၊ အဆိုပါစက်သုံးဆီများသယ်ဆောင်လာသည့် Jialing ဆိုင်ကယ်တစ်စီးနှင့် Canda ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၅ ရက်တွင် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၇၈ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၃၄၀)ကို လည်းကောင်း၊ ဇူလိုင် ၂၆ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၃ ဒသမ ၄၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၈၆၀၀)ကို လည်းကောင်း၊ ဇူလိုင် ၂၇ ရက်တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၅၁၇ တန်နှင့် အခြားသစ် ၃ ဒသမ ၂၇၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၃၃၁၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၃၁၂၅၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၃ ရက်၊ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၄၄၁၂၅၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ထန်းတပင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် တောင်သူများထံသို့ သွင်းအားစုပစ္စည်းများ ပေးအပ်

ရန်ကုန် ဇူလိုင် ၂၇

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် တောင်သူအစုအဖွဲ့များထံသို့ သွင်းအားစုပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သွင်းအားစုပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစောလှဝင်းအောင်နှင့် လေဆာဝေါကုမ္ပဏီနှင့် သြဘာကုမ္ပဏီတို့မှ တာဝန်ရှိသူများက အမှာစကားများ ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းကိုက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများထံသို့ သွင်းအားစုပစ္စည်းများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကျိုးတူလယ်ယာစနစ်ဖြင့် ဆောင်ရွက်ကြသည့် တောင်သူများ စာချုပ်ချုပ်ဆိုခဲ့ကြပြီး မိုးစပါး ၂၂၄ ဧက စိုက်ပျိုးသွားကြမည့် ရေဖြူကျေးရွာမှ တောင်သူ ရှစ်ဦး၊ ဘုသန္တတ်ကျေးရွာမှ တောင်သူ ၁၁ ဦး၊ မဲပလီကျေးရွာမှ တောင်သူ ၁၁ ဦး စုစုပေါင်းတောင်သူ ၃၀ ထံသို့ တစ်ဧက ငွေကျပ်နှစ်သိန်းနှုန်းဖြင့်ညီမျှသည့် သွင်းအားစုပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းကိုနှင့် တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၇-၂၀၂၃ သောကြာနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ ကမ္ဘာတည်မည့်သာသနာ့မော်ကွန်း (အပိုင်း-၃)
၀၉:၃၅ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူမှုစီးပွားသတင်းများ
၁၂:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း 'လှျှာ'
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ကံကြမ္မာမုန်တိုင်း' (အပိုင်း-၃၅)
၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
၁၆:၃၅ မျိုးဝှက်တင့်စေဆိုကရေးတီးအငွေ
၁၇:၂၀ ဖြစ်ထွန်းအောင်မြင်ဒန့်သလွန်ပင်
၁၇:၃၀ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၃၀ ကမ္ဘာတည်မည့်သာသနာ့မော်ကွန်း
၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ "ဟရိဝိဇယမြတ်စုဒ္ဓဝမ္ဗမူဟာတေးများနှင့် ငြိမ်းချမ်းသာယာတေးသံသာများ တေးဂီတ ဖျော်ဖြေပွဲ" တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်

### mitv

07:01 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
07:11 Chef Life: Kelvin Hong Song (Chinese Chef)
07:45 Betel Nut Farmer
08:01 News
08:27 Mhaw Yaw Gyi Elephant Camp
08:42 Gemstone Sculptor
08:54 World Nature Conservation Day (28th July)
09:01 Life In Night ……..Art In Life (Ep-2) (Part-2)
09:28 Bravocado Benefits
09:49 Myanma Traditional Art, Silversmith
09:52 World Hepatitis Day (28th July)
10:01 News

### MRTV NRC

ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)
ချင်းရိုးရာဆေးအိုးဆေးတံအကြောင်း
မွန် (၀၇:၀၀ မှ ၀၉:၀၀)
သပြုသီးဟင်းနှင့်ပုစွန်ကြော်
ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)
ရခိုင့်ရိုးသဂေါ်တလာဘ်ကောင်ဖျာလွ
ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)
သဘာဝကျောက်စက်ပန်းဆွဲများရှိရာဝက်ဘာလိုက်ဂူ
ဝ (၁၃:၀၀ မှ ၁၅:၀၀)
စာအတူတူဖတ်ကြရအောင်
ကချင် (၁၅:၀၀ မှ ၁၇:၀၀)
ဒါကြက်ဥပူတင်းလုပ်စားကြမယ်
ကယား (၁၇:၀၀ မှ ၁၉:၀၀)
ရေစက်နေသောငှက်ကလေး(ပုံပြင်)
ဝကေကရင် (၁၉:၀၀ မှ ၂၀:၀၀)
ငါးတန်ဖမ်းခြင်း
အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း
အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
ပန်းလိုမွှေး၍စွမ်းသည့်ဆေး
ချင်း(လိုင်ဇိုး) (၂၂:၀၀ မှ ၂၃:၀၀)
တေးသံရှင်B Cung Lian Thawng (ရင်တွင်းသီချင်း)

### MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၉:၄၅ ကမ္ဘာတည်မည့်သာသနာ့မော်ကွန်း(အပိုင်း-၂) (မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်မှုဆိုင်ရာသမိုင်းမှတ်တမ်း)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၃:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကွက်လပ်ဖြည့်ပါ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ PR SYSTEM စကားဝိုင်း (MWD)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)
၁၈:၀၀ Economic Review (အပိုင်း-၁၂)

### MRTV FARMERS

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၀ တောင်သူများအထောက်အပံ့ဖြစ်စေဖို့ ပျားမွေးမြူကြစို့
၀၇:၀၀ ကျေးလက်ကွန်ရက်
၀၇:၄၀ တစ်ပိုင်တစ်နိုင်ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း
၀၉:၀၀ စာသင်ခန်းမှသည်လယ်တောဆီ (ဇာတ်လမ်းတို)
၀၉:၅၀ ဆင်သေလက်ဝဲလက်တံမြောင်းတိုးချဲ့တည်ဆောက်ခြင်း

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း/ လူငယ်တို့အတွက် လမ်းပြကြယ်
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတေတ်ဘောအတ်ဆေး'
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်ပွဲ တက်ရောက်



**စစ်တွေ ဇူလိုင် ၂၇**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးကြပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကြကာ လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းတိုက်အတွင်း ဌာနဆိုင်ရာများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လည်းကောင်း၊ နန္ဒာရာမဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကြကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင်လည်း ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဘုန်းတော်ကြီး ကျောင်းတိုက် အသီးသီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် သာသနာရေးဆိုင်ရာ အဆောက်အအုံများ ပြုပြင်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ကြသည်။ အလှူငွေပေးအပ်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အောင်ချမ်းသာကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ငွေကျပ်သိန်း ၁၀၀၊ လပွတ္တာမြို့နယ် ဘီးတွတ်ရွာ စိန်ရတနာလင်းဆန်စက်လုပ်ငန်းပိုင်ရှင် ဦးသန်းဦးနှင့်ဇနီး ဒေါ်ခင်ပြုံးရီတို့က ငွေကျပ်ငါးသိန်း၊ ဇဝံဂေလိ(အေဂျီ) အသင်းတော်များ အထွေထွေသာသနာကောင်စီက ငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံ ဆိုင်ကယ်ကုန်သည်ကြီးများအသင်းက ငွေကျပ် ၁၂၅၀၀၀၀၀၊ ထိုင်းနိုင်ငံ ခွန်ကန်မြို့ ဒယ်ချားငါးဖမ်းပိုက်စက်ရုံမှ မြန်မာနိုင်ငံသား အမျိုးသားအလုပ်သမား ဦးနိုင်ဦး အပါ ၁၁ ဦးက ငွေကျပ်သိန်း ၂၀ တို့ကို လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

နေ့လယ်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ရှုခင်းသာလမ်း (စာတိုက် လမ်းဆုံမှ စစ်တွေဟိုတယ်လမ်းဆုံအထိ) ပေ ၁၂၉၀၀ လမ်းပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပို့ဗွင့်အပန်းဖြေစခန်း ပြန်လည်ပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ရှုခင်းသာလမ်း တစ်လျှောက် လမ်းပိုင်းအလိုက်ပြုပြင်နေမှု၊ ကမ်းခြေသန့်ရှင်းသာယာရေးဆောင်ရွက်နေမှု၊ ဒီရေတောသစ်ပင်များ စိုက်ပျိုးထားရှိမှုတို့ကိုလှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ အဆိုပါအစည်းအဝေးခန်းမ၌ သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်း - တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ - ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၇**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၌ ရောက်ရှိနေ သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဂုံးချိန်ကျေးရွာအုပ်စုရှိ ရှေးဟောင်းသမိုင်းဝင် ကျောက်တစ်လုံးဘုရားနှင့် ကျောက်တစ်လုံး ဘုန်းတော်ကြီးကျောင်းတို့၌ ကျောက်ဖြူတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး သန့်ရှင်းရေးဆောင်ရွက်နေသူများကို တိုင်းရင်းဆေးလုပ်ငန်းရှင်များက ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံတို့ကို ပေးဝေလှူဒါန်းခဲ့သည်။ ယင်းနောက် ကျောက်တစ်လုံး မဟာဗောဓိတပ်ဦးကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညာဘာသအား ဖူးမြော်ကြည်ညိုပြီး မြို့နယ်အတွင်းရှိ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့သစ်ရပ်ကွက် မြို့မဓမ္မာရုံ၌ မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်း ၂၈ ကျောင်းတို့မှ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အမှတ်(၅)တောင်ရပ်ကွက်ရှိ မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေနေသော ကန်တော်ကြီးအား ရေပေးဝေနိုင်မှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး မြို့သစ်တောင်ရပ်ကွက်ရှိ မြို့မအားကစားကွင်းတွင် အားကစားပြိုင်ပွဲကျင်းပနိုင်ရေးတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ရမ်းဗြဲမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဇော်မင်းအေးသည် တာဝန်ရှိသူများနှင့်အတူ မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၌ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ အမှိုက်များ ရှင်းလင်းပေးခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်၊ ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၂၆ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Wai Yan” အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာနေ ဝေယံအား ပုသိမ်ကြီးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထွန်းသစ်စစက်မှုလုပ်ငန်းများ

ကိုချင်း

### ထွန်းသစ်စစက်မှုလုပ်ငန်းဆိုတာ ဘာလဲ

ထွန်းသစ်စစက်မှုလုပ်ငန်းဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်မှု၏ အစပိုင်းအဆင့်တွင်ရှိသော ထုတ်ကုန်အသစ် သို့မဟုတ် စိတ်ကူးသစ်တစ်ခုဖြင့် ဖွဲ့စည်းတည်ထောင်ထားသော စက်မှုလုပ်ငန်းစုတစ်ခုဖြစ်သည်။ ထွန်းသစ်စစက်မှုလုပ်ငန်းတစ်ခုတွင် ပုံမှန်အားဖြင့် ကုမ္ပဏီအနည်းငယ်သာ ပါဝင်ပြီး နည်းပညာအသစ်များကို အဓိကထားလေ့ရှိသည်။ နည်းပညာတစ်ခုသည် တစ်စုံတစ်ခုအခက်ကြုံနေရချိန် ၎င်းနည်းပညာဟောင်းနေရာကို အစားထိုးမည့်အခါတွင် ထွန်းသစ်စစက်မှုလုပ်ငန်းများ ပေါ်ပေါက်လာပါသည်။

ထွန်းသစ်စစက်မှုလုပ်ငန်းများ (Emerging Industries) ကြောင့် ကုမ္ပဏီများ၏ စတော့ရှယ်ယာများသည်လည်း မကြာခဏ မငြိမ်မသက်ဖြစ်လေ့ရှိပြီး ဈေးနှုန်းအတက်အကျ အပြောင်းအလဲကြီးကြီးမားမားများကို ကြုံတွေ့ရနိုင်သည်။ အထူးသဖြင့် လုပ်ငန်းရပ်တည်ရန် ဝင်ငွေနည်းသေးသည့်အချိန် သို့မဟုတ် အမြတ်မရသေးသည့်အချိန်တွင် ထိန်းထားရန်ခက်နိုင်ပါသည်။ ထွန်းသစ်စစက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်းမှာ အတော်လေးမြင့်မားသည့် စွန့်စားမှုများဖြစ်နိုင်သဖြင့် ကနဦးရင်းနှီးမြှုပ်နှံသူများသည် နောက်ထပ်ကုမ္ပဏီကြီးများမှ ဤလုပ်ငန်း၌ လာရောက်ရင်းနှီးမြှုပ်နှံကြရန် မျှော်လင့်ချက်ဖြင့် ကြိုးစားကြရပါသည်။

### ထွန်းသစ်စစက်မှုလုပ်ငန်းကို ဘယ်လိုနားလည်သလဲ

ထွန်းသစ်စစက်မှုလုပ်ငန်းတစ်ခုသည် အမြတ်အစွန်းရရှိရန် နှစ်ပေါင်းများစွာ ကြာတတ်ပါသည်။ အစောပိုင်း လည်ပတ်မှုကုန်ကျစရိတ်များမှာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး (R&D) ကုန်ကျစရိတ်များသည် အများဆုံးပါဝင်ပါသည်။ ထွန်းသစ်စစက်မှုလုပ်ငန်းများမှ ပေါ်ပေါက်လာသော ထုတ်ကုန်၊ ဝန်ဆောင်မှု သို့မဟုတ် နည်းပညာကို လူများစွာက ကျယ်ကျယ်ပြန့်ပြန့် မသိနိုင်ကြသဖြင့် ခိုင်မာသည့်အမာခံဖောက်သည် မရှိနိုင်ပါ။ ထို့ကြောင့် ဈေးကွက်ရှာဖွေရေးစရိတ်များလည်း ကြီးမြင့်လာမည်ဖြစ်သောကြောင့် ထွန်းသစ်စစက်မှုလုပ်ငန်းတစ်ခုရှိ ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံသူများနှင့် စားသုံးသူများကို ၎င်းတို့၏ ထုတ်ကုန်၊ ဝန်ဆောင်မှု သို့မဟုတ် နည်းပညာတို့၏ တန်ဖိုးအရည်အသွေးတို့ဖြင့် ဆွဲဆောင်ထားနိုင်ရမည်ဖြစ်သည်။ ထွန်းသစ်စစက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ကြီးစွာသောစွန့်စားမှုမှ ရရှိနိုင်သော ဆုလာဘ်တစ်ခုဖြစ်သည်။

### စက်မှုလုပ်ငန်းသံသရာ

စက်မှုလုပ်ငန်းသံသရာစက်ဝန်းတွင် လုပ်ငန်းစတင်ခြင်း၊ တိုးတက်ခြင်း၊ တုန်လှုပ်ခြင်း၊ ရင့်ကျက်ခြင်းနှင့် ကျဆင်းခြင်းစသည့် အဆင့်ငါးဆင့် ပါဝင်သည်။ ထွန်းသစ်စစက်မှုလုပ်ငန်းများသည် ဝင်ငွေအနည်းငယ်သာရရှိခြင်း၊ အခြေခံစားသုံးသူမရှိခြင်း၊ ထောက်ပံ့ရေးကွင်းဆက်များ မဖွံ့ဖြိုးသေးခြင်း၊



အလိုအလျောက်မောင်းနှင်နိုင်သည့် Nissan Taxi များ။

ထုတ်ကုန်အသစ်မှာ လူအများနှင့် ရင်းနှီးမှုမရှိသေးခြင်းတို့ကြောင့် လုပ်ငန်းစတင်သည့်အဆင့်၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်ပါသည်။

### ထွန်းသစ်စစက်မှုလုပ်ငန်းများ၏ လက္ခဏာများ

ယှဉ်ပြိုင်သူနည်းခြင်း – ဖွံ့ဖြိုးတိုးတက်မှု အစောပိုင်းအဆင့်တွင်ရှိသော လုပ်ငန်းတစ်ခုသည် လုပ်ငန်းအနည်းငယ်သာ ပါဝင်နိုင်သဖြင့် လုပ်ငန်းအချင်းချင်းပြိုင်ဆိုင်မှု နည်းပါးပါသည်။

တိုးတက်မှုအလားအလာကောင်းခြင်း – စက်မှုလုပ်ငန်းအသစ်များသည် လူတစ်ဦးချင်းစီအတွက် အလုပ်အကိုင်ဖန်တီးပေးခြင်းဖြင့် ဈေးကွက်ကို ချဲ့ထွင်နိုင်သည်။ လုပ်ငန်းသည် အမြတ်အစွန်းများ လာပါက ဆက်လက်တိုး၍ ချဲ့ထွင်နိုင်သည်။ ဥပမာအားဖြင့် 3D ပရင်တာများနှင့် အလိုအလျောက်မောင်းနှင်နိုင်သည့် ယာဉ်များသည် အသစ်ဖန်တီးထားသော နည်းပညာများဖြစ်ပြီး နောက်ဆုံးပေါ်ခေတ်ရေစီးကြောင်းတစ်ခုအဖြစ် တိုးတက်မှုအလားအလာများ ဆက်လက်ပြသနေကြောင်း နည်းပညာလောကတွင် သတ်မှတ်ခံရပါသည်။

စွန့်စားမှုနှင့် မတည်ငြိမ်မှု မြင့်မားခြင်း – ထွန်းသစ်စစက်မှုလုပ်ငန်းတစ်ခုတွင် လုပ်ငန်းတစ်ခုဖော်ဆောင်ခြင်းသည် လုပ်ငန်းလည်ပတ်မှုအတွက် ကုန်ကျစရိတ်ကာမိစေရန် လုံလောက်သောရန်ပုံငွေ မပြည့်စုံပါက အလွန်အန္တရာယ်များပါသည်။ ၎င်းတို့၏ ထုတ်ကုန်အသစ်မှာ ဝယ်ယူသူ သို့မဟုတ် စားသုံးသူများနှင့် မရင်းနှီးသေးသောကြောင့် ဈေးကွက်ကို ရှာဖွေရန်မှာလည်း ခက်ခဲနေသေးသဖြင့် ယင်းလုပ်ငန်းကို ဝယ်ယူရန် သို့မဟုတ် ရင်းနှီးမြှုပ်နှံရန် ချီတုံချတုံဖြစ်စေသည်။

စီးပွားရေးအပိုင်း အားနည်းနေသေးသဖြင့် ဈေးနှုန်းကြီးမြင့်ခြင်း – စီးပွားရေး လုပ်ငန်းများသည် ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် ထိရောက်မှုရှိမှသာ ဈေးနှုန်းချိုသာစွာဖြင့် ထုတ်ကုန်ယူနစ်များ ပိုမိုထုတ်လုပ်နိုင်သောကြောင့် အတိုင်းအတာတစ်ခုအထိ သက်သာရာရနိုင်ပါသည်။ ထွန်းသစ်စစက်မှုလုပ်ငန်းတစ်ခုရှိ စီးပွားရေးလုပ်ငန်းများသည် ထိရောက်သော ထောက်ပံ့ရေးကွင်းဆက်နှင့် ဖြန့်ဖြူးရေးလမ်းကြောင်းကို ဖန်တီးရှာဖွေနေဆဲဖြစ်သောကြောင့် စီးပွားရေးအပိုင်း၌ အတိုင်းအတာတစ်ခုအထိ အားနည်းနေပါသည်။

လုပ်ငန်းနယ်ပယ်သို့ ဝင်ရောက်ရန် အတားအဆီးနည်းပါးခြင်း – ပြိုင်ဘက် အနည်းငယ်သာရှိသောကြောင့် ဈေးကွက်အတွင်းသို့ ဝင်ရောက်ရန် လွယ်ကူပါသည်။ ကုမ္ပဏီများသည် လုံလောက်သော ငွေကြေးအရင်းအမြစ်များနှင့် အလားတူထုတ်ကုန်တစ်ခုကို တီထွင်ဖန်တီးရန် အသိပညာရှိသရွေ့ ဈေးကွက်ထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။

### ထွန်းသစ်စစက်မှုလုပ်ငန်းများအတွက် ကြုံတွေ့နိုင်သည့် အတားအဆီးများ

နယ်ပယ်သစ်တွင် ယှဉ်ပြိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုအဆင့်ကြောင့် ထွန်းသစ်စစက်မှုလုပ်ငန်းသည် နယ်ပယ်အတွင်းဝင်ရောက်ရန် အတားအဆီးများ မြင့်မားနိုင်သည်။ အဆိုပါအတားအဆီးများမှာ ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် အရင်းအမြစ်များ ရှားပါးခြင်း၊ စီးပွားရေးကို အတိုင်းအတာတစ်ခုအထိ အခွင့်ကောင်းမယူနိုင်ခြင်း၊ လုံလောက်သောဘဏ္ဍာငွေမရှိခြင်း၊ အစိုးရကန့်သတ်ချက်များရှိခြင်း၊ တည်ထောင်ထားနှင့်ပြီးသော ကုမ္ပဏီများထံမှ ပြိုင်ဆိုင်မှုများနှင့် ကြုံရခြင်းတို့ ပါဝင်သည်။

သို့သော်လည်း ဤအတားအဆီးများကြားမှ လုပ်ငန်းနယ်ပယ်အသစ်တစ်ခုသို့ ဝင်ရောက်လာသူများသည် အားသာချက်ကို စောစောသိရှိရန် ကြိုးပမ်းခြင်းအားဖြင့် ဝင်ရောက်လာကြလိမ့်မည်။ ၎င်းတို့သည် ငွေကြေးတတ်နိုင်လျှင် ကျွမ်းကျင်သော ပုဂ္ဂိုလ်များကို ငှားရမ်း၍ လွှမ်းမိုးမှုအားကောင်းသော အကြံပေးများ၏ ဝန်ဆောင်မှုများဖြင့် လုံခြုံစိတ်ချစွာ လုပ်ငန်းကို လည်ပတ်စေမည်ဖြစ်သည်။ သို့သော် အဆိုပါ ဝင်ရောက်လာသူအများစုသည် ၎င်းတို့၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းသို့ ယူဆောင်လာရာတွင် ကျွမ်းကျင်မှု သို့မဟုတ် လုံလောက်သောရန်ပုံငွေ မရှိသည်ကို နောက်ဆုံးတွင် ကြုံတွေ့တတ်ကြပြီး တစ်ချိန်ချိန်တွင် လုံးလုံးကျရှုံးသွားကြပါသည်။

စားသုံးသူအပေါ် သစ္စာရှိမှုနှင့် ထုတ်ကုန်နှင့် အကျွမ်းတဝင်ရှိစေခြင်း– လူအများစုသည် ထွန်းသစ်စစက်မှုလုပ်ငန်းများအကြောင်း သတိမထားမိကြသောကြောင့် အလားအလာရှိသော ထုတ်ကုန်အသစ် သို့မဟုတ် ဝန်ဆောင်မှုအသစ်များ၏ အားသာချက်များအား အကျွမ်းတဝင်ရှိစေရန် ကုမ္ပဏီများသည် ဈေးကွက်ရှာဖွေရေးတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကူညီပေးရန် လိုအပ်ပါသည်။

ငွေကြေးမြှုပ်နှံမှုအားနည်းခြင်း – ရင်းနှီးမြှုပ်နှံသူများသည် အပြည့်အဝ မဖွံ့ဖြိုးသေးသော လုပ်ငန်းတစ်ခုတွင် ရင်းနှီးမြှုပ်နှံရန် တွန့်ဆုတ်နေနိုင်ပါသည်။ ဤကုမ္ပဏီများနှင့် ဆက်နွယ်နေသော ငွေကြေးဆိုင်ရာအန္တရာယ်များ ပိုမိုကြီးမားလာတတ်သောကြောင့် ဖြစ်သည်။ သို့သော်လည်း မကြာသေးမီနှစ်များအတွင်း စွန့်ဦးတီထွင်သူများသည် အရင်းအနှီးရင်းမြစ်များကို လက်လှမ်းမီလာကြသည်။ ယခုအခါ ထွန်းသစ်စစက်မှုလုပ်ငန်းများကို ငွေကြေးထောက်ပံ့အားပေးရန် ရည်ရွယ်ချက်ဖြင့် **ကုန်သွယ်မှုအတွက် ဖလှယ်သောငွေကြေးရန်ပုံငွေ (Exchange traded fund – ETFs) အများအပြားကိုလည်း တည်ထောင်လာကြပါသည်။**

ကန့်သတ်ချက်များနှင့် စည်းမျဉ်းများရှိခြင်း – စက်မှုလုပ်ငန်းအသစ်ဖြစ်ပြီး မရင်းနှီးသေးသောကြောင့် အစိုးရသည် လုပ်ငန်းဆောင်ရွက်မှုများအပေါ် ကန့်သတ်ချက်များ သို့မဟုတ် စည်းမျဉ်းများ ချမှတ်နိုင်သည်။ ၎င်းသည် လုပ်ငန်းများကို ထိရောက်စွာလည်ပတ်ရန် ဆောင်ရွက်ရာတွင် အတားအဆီးများ ကြုံရနိုင်သည်။

သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် ကုန်ကျစရိတ်မြင့်မားခြင်း – လုပ်ငန်းအသစ်များသည် ထုတ်ကုန်အသစ်တစ်ခုကို ထုတ်ထောင်ရန်အတွက် လုံလောက်သော ဝန်ထမ်း၊ အရင်းအမြစ်များနှင့် အသိပညာများ မပိုင်ဆိုင်ကြပါ။ ထို့ကြောင့် ၎င်းတို့သည် သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် ငွေကြေးများစွာသုံးစွဲရန် လိုအပ်ပါသည်။

ပေးသွင်းသူမရှိခြင်း – ထုတ်ကုန်အသစ်ပေါ်မူတည်၍ လုပ်ငန်းများအတွက် လုံလောက်သော ကုန်ကြမ်းများကို ပေးသွင်းရန် ခက်ခဲနိုင်သည်။ ထို့ကြောင့် ကုန်ပစ္စည်းပေးသွင်းသူများသည် မှန်ကန်သောကုန်ကြမ်းများ ရှာဖွေရာ၌ အမျိုးမျိုးသော အခက်အခဲများ ကြုံတွေ့နိုင်ခြင်းကြောင့် လုပ်ငန်းသစ်တစ်ခုနှင့်လက်တွဲရန် တွန့်ဆုတ်နေနိုင်ပါသည်။

### ထွန်းသစ်စစက်မှုလုပ်ငန်းများအတွက် အလားအလာရှိသော မဟာဗျူဟာများ

တန်ဖိုးနည်းခြင်း။ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ပြိုင်ဘက်များနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းချိုသာစွာဖြင့် ဈေးကွက်တွင် အားသာချက်ရရှိစေရန် ကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်ခြင်းမှာ မဟာဗျူဟာတစ်ခုဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် စားသုံးသူများ၏ ဝယ်လိုအားကို တိုးစေပြီး လုပ်ငန်းမှာလည်း ဝင်ငွေတိုးစေနိုင်သည်။

ကွဲပြားခြင်း။ ကုမ္ပဏီများသည် တစ်မူထူးခြားပြီး ကွဲပြားခြားနားသော ထုတ်ကုန်များကို ပံ့ပိုးပေးနိုင်ရန် ရည်မှန်းချက်ထားကြသည်။ သို့မှသာ ၎င်းတို့၏ ပြိုင်ဘက်များနှင့် အလှမ်းကွာစေပြီး ပြိုင်ဆိုင်မှုအားသာချက်ကို ရရှိစေမည်ဖြစ်သည်။

မဟာဗျူဟာကျသောမိတ်ဖက်။ ကုမ္ပဏီနှစ်ခု သို့မဟုတ် ထိုထက်ပိုသော ကုမ္ပဏီများသည် ထုတ်ကုန်အသစ်တစ်ခုကို အတူတကွထုတ်လုပ်ရန် မိတ်ဖက်အဖွဲ့တစ်ခု ဖွဲ့စည်းနိုင်သည်။

စာမျက်နှာ ၁၈ သို့ ❄

**“ကမ္ဘာ့စီးပွားရေး၏ အနာဂတ်သည် ဉာဏ်ရည်တု (Artificial Intelligence - AI) တွင်လည်း တည်ရှိနေပါသည်။ AI သည် ၂၀၂၃ ခုနှစ်၏ အလျင်မြန်ဆုံးကြီးထွားလာသော စက်မှုလုပ်ငန်းတစ်ခုဖြစ်လာမည်ဟု မျှော်လင့်ထားကြပြီး တန်ဖိုးအားဖြင့် $328.34 ဘီလီယံခန့်ရှိနေပြီဟု ခန့်မှန်းထားကြပါသည်။ လက်ရှိအချိန်တွင် AI သည် ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဏ္ဍာရေးနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော လုပ်ငန်းအများအပြားကို တော်လှန်ပြောင်းလဲလာခဲ့ပြီး အခြားကဏ္ဍများတွင်လည်း မည်သို့ပါဝင်ပြောင်းလဲလာမည်ကို ကမ္ဘာတစ်ဝန်း အာရုံစိုက်မိနေသည့် ထွန်းသစ်စနည်းပညာသစ်လုပ်ငန်းဖြစ်”**

❊ စာမျက်နှာ ၁၇ မှ
အချင်းချင်းပြိုင်ဘက်ဖြစ်မည့်အစား ကုမ္ပဏီများသည် အမြတ်အစွန်းတိုးရန် အချင်းချင်းပူးပေါင်းလုပ်ဆောင်နိုင်သည်။

ဖက်စပ်လုပ်ကိုင်ခြင်း။ ဖက်စပ်လုပ်ငန်းတစ်ခုတွင် ပိုင်ဆိုင်မှုများ၊ အရင်းအမြစ်များနှင့် လည်ပတ်မှုများကို ပေါင်းစပ်ရန်အတွက် သီးခြားလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖွဲ့စည်းရန် အနည်းဆုံးကုမ္ပဏီနှစ်ခု ပါဝင်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ကုမ္ပဏီများသည် ပိုမိုကြီးမားသော ဈေးကွက်တစ်ခုသို့ ဝင်ရောက်နိုင်ပြီး ငွေကြေးဆိုင်ရာ စွန့်စားမှုများကို မျှဝေနိုင်စေပါသည်။

### Emerging Industries ၏ ဥပမာများ

ယနေ့ခေတ်တွင် ထွန်းသစ်စစက်မှုလုပ်ငန်းနည်းပညာအသစ်များဖြစ်သည့် စွမ်းအင်သစ်သုံးယာဉ်များ (New Energy Vehicles)၊ စက်ရုပ်များ၊ အစစ်အတိုင်းမြင်ရသည့် ပုံရိပ်ရောင်နည်းပညာ (virtual reality)၊ 5G ကွန်ရက်များ၊ Blockchain နည်းပညာ၊ ဉာဏ်ရည်တု (Artificial Intelligence–AI) နှင့် အလိုအလျောက်မောင်းနှင်သည့်ကား (self– driving car) တို့ကို အာရုံစိုက်လာကြသည်။ ဇီဝနည်းပညာလုပ်ငန်း (biotechnology industry) သည် ထွန်းသစ်စစက်မှုလုပ်ငန်းတစ်ခု သို့မဟုတ် တိုးတက်မှုအလားအလာရှိသည့် ကဏ္ဍတစ်ခုဟု ယူဆနိုင်ပြီး immunotherapy နှင့် မျိုးဗီဇကုထုံးများတွင် အောင်မြင်မှုများ ကြုံတွေ့နေပါသည်။

ယခင်က ထွန်းသစ်စစက်မှုလုပ်ငန်းများသည် ယနေ့ခေတ်တွင် ကောင်းမွန်စွာထူထောင်ထားသော စက်မှုလုပ်ငန်းများဖြစ်သည်ဟု ယူဆကြသည်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွင် ကမ္ဘာကြီးသည် အင်တာနက်ကို ထွန်းသစ်စလုပ်ငန်းတစ်ခုအဖြစ် သိရှိခဲ့သည်။ နည်းပညာသစ်၌ ရင်းနှီးမြှုပ်နှံရန် ရာနှင့်ချီသော ကုမ္ပဏီများကို ဖွဲ့စည်းခဲ့သည်။ Dotcom Bubble ကုမ္ပဏီသည် အင်တာနက်အခြေခံစတော့ရှယ်ယာများတွင် နွားဈေးကွက်ကို လှုံ့ဆော်ပေးသည့်ကုမ္ပဏီအဖြစ် လျင်မြန်စွာပျံ့နှံ့လာပြီး ၂၀၂၂ ခုနှစ်များတွင် Dotcom Bubble ကုမ္ပဏီပြိုလဲပြီး အများသူငါ ရောင်းဝယ်ဖောက်ကားသည့် ကုမ္ပဏီများစွာ ပြိုလဲသွားခဲ့သည်။ သို့သော် အင်တာနက်အခြေခံ ထွန်းသစ်စစက်မှုလုပ်ငန်းအဖြစ် အခက်အခဲများကို ကျော်ဖြတ်နိုင်ခဲ့သော ကုမ္ပဏီများဖြစ်သည့် Google ၊ eBay နှင့် Amazon တို့မှာ ထွန်းသစ်စ အင်တာနက်လုပ်ငန်းအတွက် ကောင်းမွန်စွာတည်ထောင်နိုင်ခဲ့ကြသော စံပြုသူများ ဖြစ်လာကြပါသည်။




ဉာဏ်ရည်တုနည်းပညာသုံးစက်ရုပ်။

### ထည့်သွင်းစဉ်းစားရမည့်အရာများ

ရင်းနှီးမြှုပ်နှံသူအများအပြားသည် ထွန်းသစ်စစက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ၎င်းတို့၏ အစုရှယ်ယာများကို တိုးပွားလာစေရန် စိတ်ဝင်စားကြသည်။ သို့သော်လည်း ဖွံ့ဖြိုးတိုးတက်မှု၏ အစောပိုင်းအဆင့်တွင်ရှိသော တစ်ဦးချင်းကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သော စွန့်စားရမှုများသည် ရင်းနှီးမြှုပ်နှံသူ အများအပြားအတွက် အဟန့်အတားဖြစ်စေပါသည်။

ကဏ္ဍအသစ်၊ နည်းပညာအသစ်များကို အားပေးသည့် **ကုန်သွယ်မှုအတွက် ဖလှယ်သော ငွေကြေးရန်ပုံငွေ (Exchange traded fund – ETFs)** သည် ရင်းနှီးမြှုပ်နှံသူများအတွက် စွန့်စားရမှုအချို့ကို လျော့ပါးစေပါသည်။ ဥပမာအားဖြင့် ဉာဏ်ရည်တုနှင့် စက်ရုပ်ကုမ္ပဏီများအတွက် အဓိကသီးသန့် ETFs များ ရှိပါသည်။ Blockchain ETFs သည်လည်း blockchain နည်းပညာပါဝင်သော ကုမ္ပဏီများ၌ ရင်းနှီးမြှုပ်နှံပါသည်။ Biotech ETFs များသည်လည်း ဆေးပညာတိုးတက်မှုအတွက် ပြုလုပ်နေသည့် ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံသူများ ထိတွေ့မှုရရှိစေရန် ရေပန်းစားလာပါသည်။

ထို့ကြောင့် ထွန်းသစ်စစက်မှုလုပ်ငန်းများကို နေစတင်ထွက်လာသည့် စက်မှုလုပ်ငန်းများဟုလည်း ခေါ်ဆိုကြပါသည်။ ယခုအခါ ကမ္ဘာ့လောင်စာဆီဈေးနှုန်း မြင့်တက်လာမှု၏ အကျိုးဆက်အဖြစ် စွမ်းအင်သစ်သုံးယာဉ်များ (New Energy Vehicles) သည်လည်း နည်းပညာသစ် ထွန်းသစ်စလုပ်ငန်းအဖြစ် ပေါ်ထွက်လာပြီး ယင်းတို့အနက် လက်ရှိအချိန်တွင် လျှပ်စစ်ကားများ (Electric Vehicles–EV) သည် ကမ္ဘာတွင် လူအများ၏ အာရုံစိုက်မှု အများဆုံးရရှိနေသည့် နည်းပညာသစ်ဖြစ်လာနေပါသည်။ လျှပ်စစ်အသုံးပြုယာဉ်များနှင့် ဆက်စပ်သည့် ဓာတ်အားသွင်းခြင်း (Charging) နှင့်ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး နည်းပညာသည်လည်း Electric Vehicles–EV နည်းပညာသစ်နှင့် ယှဉ်တွဲပေါ်ထွက်လာသည့် ထွန်းသစ်စစက်မှုလုပ်ငန်း နည်းပညာသစ်ဖြစ်လာပါသည်။

ထို့အပြင် ကမ္ဘာ့စီးပွားရေး၏ အနာဂတ်သည် ဉာဏ်ရည်တု (Artificial Intelligence – AI) တွင်လည်း တည်ရှိနေပါသည်။ AI သည် ၂၀၂၃ ခုနှစ်၏ အလျင်မြန်ဆုံးကြီးထွားလာသော စက်မှုလုပ်ငန်းတစ်ခုဖြစ်လာမည်ဟု မျှော်လင့်ထားကြပြီး တန်ဖိုးအားဖြင့် $328.34 ဘီလီယံခန့်ရှိနေပြီဟု ခန့်မှန်းထားကြပါသည်။ လက်ရှိအချိန်တွင် AI သည် ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဏ္ဍာရေးနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော လုပ်ငန်းအများအပြားကို တော်လှန်ပြောင်းလဲလာခဲ့ပြီး အခြားကဏ္ဍများတွင်လည်း မည်သို့ပါဝင်ပြောင်းလဲလာမည်ကို ကမ္ဘာတစ်ဝန်း အာရုံစိုက်မိနေသည့် ထွန်းသစ်စ နည်းပညာသစ်လုပ်ငန်းဖြစ်လာပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား**

- https://www.investopedia.com/terms/e/emergingindustry
- https://corporatefinanceinstitute.com/resources/valuation/emerging-industry/

---

❖ ၂၀၂၆ ကမ္ဘာ့ဖလားမှ
ယီမင်အသင်းနှင့် သီရိလင်္ကာအသင်း၊ အာဖဂန်နစ္စတန်အသင်းနှင့် မွန်ဂိုလီးယားအသင်း၊ တရုတ် (တိုင်ပေ)အသင်းနှင့်တီမောအသင်း၊ အင်ဒိုနီးရှားအသင်းနှင့် ဘရူနိုင်းအသင်း၊ မော်လ်ဒိုက်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ စင်ကာပူအသင်းနှင့် ဂူအမ်အသင်း၊ ကမ္ဘောဒီးယားအသင်းနှင့် ပါကစ္စတန်အသင်း၊ ဟောင်ကောင်အသင်းနှင့် ဘူတန်အသင်း၊ နီပေါအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် မကာအိုအသင်းသည် ဇွန် ၁၉ ရက်တွင် ဖွန်လနိုင်ငံတကာ ရက်သတ္တပတ်၌ ခြေစမ်းပွဲကစားထားပြီး မြန်မာအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရထားကာ လေးလအကြာတွင် ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။

ပထမအဆင့်ခြေစစ်ပွဲ မဲခွဲပွဲအပြီးတွင် ဒုတိယအဆင့်ခြေစစ်ပွဲအုပ်စုမဲခွဲပွဲကိုလည်း ဆက်လက်ပြုလုပ်ခဲ့ပြီး မြန်မာအသင်းသည် နောက်တစ်ဆင့် တက်ရောက်နိုင်ပါက ဂျပန်၊ ဆီးရီးယား၊ မြောက်ကိုရီးယားအသင်းတို့ ပါဝင်သည့် အုပ်စု (B) သို့ ကျရောက်မည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲအုပ်စုမဲခွဲမှုအရ အုပ်စု (A) တွင် ကာတာ၊ အိန္ဒိယ၊ ကူဝိတ်၊ အာဖဂန်နစ္စတန်/မွန်ဂိုလီးယား၊ အုပ်စု (B) တွင် ဂျပန်၊ ဆီးရီးယား၊ မြောက်ကိုရီးယား၊ မြန်မာ/မကာအို၊ အုပ်စု (C)တွင်တောင်ကိုရီးယား၊ တရုတ်၊ ထိုင်း၊ စင်ကာပူ/ဂူအမ်၊ အုပ်စု (D) တွင် အိုမန်၊ ကာဂျစ္စတန်၊ မလေးရှား၊ တရုတ်တိုင်ပေ/တီမော၊ အုပ်စု (E) တွင် အီရန်၊ ဥဇဘက်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ ဟောင်ကောင်/ဘူတန်၊ အုပ်စု (F) တွင် အီရတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား/ဘရူနိုင်း၊ အုပ်စု (G) တွင် ဆော်ဒီအာရေဗျ၊ ဂျော်ဒန်၊ တာဂျစ်ကစ္စတန်၊ ကမ္ဘောဒီးယား/ပါကစ္စတန်၊ အုပ်စု (H) တွင် ယူအေအီး၊ ဘာရိန်း၊ ယီမင်/သီရိလင်္ကာ၊ နီပေါ/လာအို၊ အုပ်စု (I) တွင် ဩစတြေးလျ၊ ပါလက်စတိုင်း၊ လက်ဘနွန်၊ မော်လ်ဒိုက်/ဘင်္ဂလားဒေ့ရှ်အသင်းတို့ ပါဝင်နေသည်။ ဒုတိယအဆင့် ခြေစစ်ပွဲကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး လေးသင်း ကိုးအုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲမှ တိုက်ရိုက်ကစားခွင့်ရသည့် ၂၇ သင်း၊ ပထမအဆင့်ခြေစစ်ပွဲမှ တက်ရောက်လာမည့် ကိုးသင်း စုစုပေါင်း ၃၆ သင်း ပါဝင်မည်ဖြစ်သည်။

**ကိုညီလေး**

■

## အားကောင်းသော လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် ဇူလိုင် ၂၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်း – ဩရိဿပြည်နယ် တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

**မိုး/ဇလ**

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇူလိုင် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၉ –၇ – ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၅)၊ အမှတ် (၃၀) တွင် ကျောင်းသားကျောင်းသူများအနေဖြင့် ပညာသင်ယူခြင်း၌ စာကို ကြိုးစားသင်ယူရန် လိုအပ်ရုံသာမက ခန္ဓာကိုယ်ကျန်းမာဖွံ့ဖြိုးရန်အတွက်လည်း လိုအပ်ပုံကို တင်ဆက်ထားသည့် "လွဲမှားခြင်း" မျက်နှာဖုံးဇာတ်လမ်း၊ အာကာသအတွင်း၌ ဖြစ်ပွားလျက်ရှိသော မီးတောင်များအကြောင်းကို ဗဟုသုတဖြစ်ဖွယ်တင်ဆက်ထားသည့် "အာကာသ မီးတောင်များ" သုတဆောင်းပါးကဏ္ဍ၊ မိခင်ထံမှမုန့်စားရရန် အကြံအဖန်လုပ်ရာမှ ဒဏ်ကျေလိမ်းဆေးသာ လိမ်းပေးခြင်းခံရသော ဖြိုးရဲအကြောင်းကို တင်ဆက်ထားသည့် "ဖြိုးရဲ – အကြံအဖန်" နှစ်မျက်နှာကာတွန်း၊ ကလေးများအား သူတို့ပြောလိုသော အကြောင်းအရာများကို ထောက်ခံပြောဆိုရင်းဖြင့် လိမ္မာရေးခြားရှိစေရန် ဆိုဆုံးမပုံကို တင်ဆက်ထားသည့် "အဖြူရောင်သင်္ကေတ" ဝတ္ထုကဏ္ဍ၊ သူငယ်ချင်းအပေါ် စိတ်ကောင်းစေတနာထားကာ ဦးစားပေးဆောင်ရွက်တတ်သော မောင်မေတ္တာနှင့် သူငယ်ချင်းဖြစ်သူကို အပြစ်မြင်နေသော ... မောင်မာနတို့အကြောင်းကို ရေးဖွဲ့ထားသည့် "မောင်မေတ္တာနှင့် မောင်မာန"ပုံပြင်ကဏ္ဍ၊ မိမိတို့အပေါ်တွင် ကျရောက်နိုင်သည့် အန္တရာယ်များကို ကာကွယ်ရန်အတွက် သဘာဝကဖန်တီးထားသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ကျေနပ်လက်ခံနိုင်စေရန် ယုန်မလေး




ခိုင်ဇာနှင့်ဥပမာပေးတင်ဆက်ထားသည့် "အသက်" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းများအကြား ကြွားဝါပြောဆိုတတ်သော ချက်စူအကြောင်းကို တင်ဆက်ထားသည့် "ချက်စူရဲ့ကြွားချက်" နှစ်မျက်နှာကာတွန်း၊ ရုပ်ရှင်သွားကြည့်ရန် တစ်ယောက်နှင့်တစ်ယောက် ချိန်းဆိုပြောဆိုကြပုံကို ... စကားအသုံးအနှုန်းအမျိုးမျိုးဖြင့် တင်ပြထားသည့် "ရွှေသွေးစကား ဝိုင်း" ကဏ္ဍ၊ ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# ရုံးအမှတ်(၄၄)၊ နေပြည်တော်
# လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာ (၆၀)အတွက် ယှဉ်တွဲပါသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | လစာနှုန်း | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|---|
| (က) | ထုတ်လုပ်ရေးကျွမ်းကျင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Chem)/ B.Sc(Chem)/ B.Sc(IC) | ကျား/ မ ၄ |
| (ခ) | လျှပ်စစ်ကျွမ်းကျင်(၂) | ။ | B.E(Electronic)/ B.E(Electrical Power) | ကျား ၂ |
| (ဂ) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ။ | B.C.Sc/B.C.Tech/ B.E(IT) | ကျား/ မ ၃ |
| (ဃ) | စာရင်းကိုင်(၂) | ။ | B.Com/B.Act/ B.BA/ B.Econ(Eco)/(Stat) | ကျား/ မ ၃ |
| (င) | စက်မှုကျွမ်းကျင်(၂) | ။ | B.E(Mech)/ B.E(Mechatronic) | ကျား ၂ |
| (စ) | ဒု-ကြီးကြပ်ရေးမှူး | ။ | B.A(Eng) | ကျား/ မ ၂ |
| (ဆ) | ဒု-ကြီးကြပ်ရေးမှူး | ။ | L.L.B | ကျား/ မ ၂ |
| (ဇ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၂) | ။ | B.E(Chem)/ B.Sc(Chem)/ B.Sc(IC) | ကျား/ မ ၂ |
| (ဈ) | ထုတ်လုပ်ရေးကျွမ်းကျင်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ | ကျား/ မ ၃၀ |
| (ည) | လျှပ်စစ်ကျွမ်းကျင်(၄) | ။ | ဘွဲ့ရ/AGTI/ EGTI/GTC | ကျား ၅ |
| (ဋ) | စက်မှုကျွမ်းကျင်(၄) | ။ | ဘွဲ့ရ/AGTI/ EGTI/GTC | ကျား ၅ |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၁-၈-၂၀၂၃ ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၄၀) နှစ်ထက်မကြီးသူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (ဃ) အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် တာဝန်ထမ်းဆောင်နိုင်သူများဖြစ်ရပါမည်။
- (င) ရွေးချယ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး ၅ နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာလျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.energy.gov.mm မှ Download ရယူ၍ လျှောက်လွှာတွင်ပါရှိသည့်အချက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး အောက်ဖော်ပြပါ အထောက်အထားများနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားရမည်-
- (က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ
- (ခ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူမှန် (စာမေးပွဲဖြေဆိုသည့်အခါ လက်မှတ်မူရင်းတင်ပြရမည်။)
- (ဂ) အသက်အထောက်အထားစိစစ်ရန် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူမှန် (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြရမည်။)
- (ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြရမည်။)
- (င) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ (၃)ပုံ။ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသား ဖော်ပြရမည်။)
- (စ) လျှောက်လွှာပိတ်ရက် မတိုင်မီ (၁) လအတွင်း ထုတ်ပေးထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံချက်မူရင်း။

၄။ လျှောက်လွှာများကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ ၁၅-၈-၂၀၂၃ ရက်နေ့ (လျှောက်လွှာပိတ်ရက်) ရုံးချိန်အရောက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို **(လုံးဝ)** လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ လျှောက်ထားသူများအတွက် ရေးဖြေစာမေးပွဲကို ၂၆ - ၈ - ၂၀၂၃ ရက်နေ့တွင် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တွင် ၉:၀၀ နာရီ မှ ၁၂:၀၀ နာရီထိ ပြုလုပ်မည်ဖြစ်ပြီး အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ဖြေဆိုရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသည့်အချက်များနှင့်ပြည့်စုံသော ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းများနှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်နေ့ရက်အား ဖော်ပြပါ Website >> တွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပါသည်။

၇။ ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်တို့ကို ဖော်ပြပါ Website >> တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၁၁၂၂ နှင့် ၃၄၁၁၁၇၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃-ရပ်ကွက်၊ ၃၅-လမ်း (အလယ်ဘလောက်)၊ အမှတ် (၁၇၀)၊ ၃-လွှာ (ဝဲဘက်အခန်း)၊ တိုက်ခန်းအကျယ် (အလျား ၁၂½ပေ x အနံ ၅၀ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင်ပါရှိသော လသာဆောင်အကျယ်အဝန်း (၉ပေx၁၀ပေ)ခန့်ရှိ လသာဆောင်နှင့်တကွ ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား **(၁၄-၈-၂၀၁၉)**ရက်စွဲပါ **"နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသော **ဦးမင်းဇေယျာဦး [၁၂/မဂဒ(နိုင်) ၀၉၅၄၈၃]နှင့် ဒေါ်စမ်းစမ်းတင့် [၁၂/ပဘတ(ပြု)၀၀၀၃၃၁]**၊ အမှတ် (၁၇၀)၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူများထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅** |
| **ဖုန်း ၀၉-၅၁၇၁၄၃၃** | **ဖုန်း ၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
# အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများ၊ ခရိုင် ဦးစီးဌာနရုံးများနှင့် ရက်ကန်းကျောင်းတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/လစာနှုန်း/ ပညာအရည်အချင်း | လစ်လပ် |
|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) B.E (Mech/EP/EC/Civil) (သို့မဟုတ်) B.Sc (IC/Chem) (သို့မဟုတ်) B.Com၊ B.Act၊ BBA ၊ B.Econ (Eco)၊ B.B.Sc (သို့မဟုတ်) မဟာဘွဲ့တစ်ခုခုရရှိသူ | ၉ |
| (ခ) | နည်းပြ (ရက်ကန်း) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) B.E (Textile)(သို့မဟုတ်) ဘွဲ့တစ်ခုခုနှင့် ရက်ကန်းသင်တန်းဆင်းသူ | ၃ |
| (ဂ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ဘွဲ့တစ်ခုခုရရှိသူ (လက်မှုပညာရပ် တစ်ခုခုကျွမ်းကျင်သူဦးစားပေးမည်။) | ၁၈ |
| (ဃ) | သုတေသနလက်ထောက်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) သိပ္ပံဘွဲ့ (ဓာတု/ ကုန်ထုတ်ဓာတု)(သို့မဟုတ်) ဓာတုဗေဒဆိုင်ရာဘွဲ့တစ်ခုခုနှင့် Dip in Food Technology ရရှိသူ | ၇ |
| (င) | စက်မှုကျွမ်းကျင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အင်ဂျင်နီယာဘွဲ့/ အင်ဂျင်နီယာဒီပလိုမာ/ စက်မှုသင်တန်းကျောင်းဆင်းများ/ THS ကျောင်းဆင်းများ | ၁၄ |
| (စ) | စာရင်းကိုင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ဘွဲ့တစ်ခုခုနှင့်စာရင်းကိုင်ဒီပလိုမာရရှိသူ (သို့မဟုတ်) စီးပွားရေးပညာဘွဲ့တစ်ခုခုရရှိသူ | ၉ |
| (ဆ) | လက်ထောက်နည်းပြ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) AGTI(Textile)(သို့မဟုတ်)ဘွဲ့တစ်ခုခုနှင့် ရက်ကန်းသင်တန်းဆင်းသူ | ၄ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ ) အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူများသည်၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဒေသခံများအား ဦးစားပေးစဉ်းစားမည်။ ဝေးလံဒေသများနှင့် ဌာနမှလက်ရှိနေ့စားဝန်ထမ်းများဖြစ်ပါက အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားပေးမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဃ) လက်မှုပညာရပ်တစ်ခုခုကျွမ်းကျင်သူများသည် လက်တွေ့စစ်ဆေးခြင်းခံရမည်။
- (င) အမှတ်စဉ် (က) နှင့် (ခ) ရာထူးများအတွက် ဌာနတွင် အနည်း ဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။
- (စ ) အမှတ်စဉ် (ဂ) မှ (ဆ) ပါရာထူးများအတွက် ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးနိုင်ရမည်။
- (ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) ခြင်း၊ ရာထူးမှထုတ်ပယ် (Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာများကို ကိုယ်တိုင်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
- (က) လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့်ဌာနအမည်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ
- (ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်၊ ဘွဲ့နှင့်ဒီပလိုမာ လက်မှတ်မိတ္တူ
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဃ) (၁)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ
- (င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲမှတစ်ဆင့် လျှောက်ထားသည့် ကြိုတင်လျှောက်လွှာမိတ္တူ (၁)စောင်
- (စ ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာမြို့နယ်/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထောက်ခံချက်မူရင်း (လွန်ခဲ့သော (၁) လအတွင်း)

၄။ လျှောက်လွှာများကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်သို့လည်းကောင်း၊ သက်ဆိုင်ရာ တိုင်း ဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများ၊ ခရိုင်ဦးစီးဌာနရုံးများနှင့်ရက်ကန်းကျောင်းများသို့လည်းကောင်း (၃၁-၈-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော/စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ လျှောက်ထားသူများမှ အရည်အချင်းပြည့်မီသူများအား ရေးဖြေ (မြန်မာစာ၊ အင်္ဂလိပ်စာ နှင့် အထွေထွေဗဟုသုတဘာသာရပ်) နှင့် လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ၊ ရုံးချုပ် (နေပြည်တော်)၊ ရုံးအမှတ် (၁၆) နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနရုံးများတွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုလိုသည့် တိုင်းဒေသကြီး/ပြည်နယ်အား လျှောက်လွှာတွင် ထင်ရှားစွာရေးသားဖော်ပြရန်နှင့် ဖြေဆိုမည့်နေ့ရက်အား ကြိုတင်အကြောင်းကြားသွားမည် ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) နေပြည်တော် ဖုန်း၊၀၆၇- ၃၄၁၀၀၅၀၊ ၀၆၇-၃၄၁၀၃၉၇ နှင့် လျှောက်လွှာတင်ထားသည့် တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရုံးများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) အတွက် ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -
- Lot (1) Refractory, Castable, Mortar စသည့်ပစ္စည်း (၃၅)မျိုး
- Lot (2) Chemical(၁၄)မျိုး

၂။ တင်ဒါပုံစံများကို (၂၈-၇-၂၀၂၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ထုတ်လုပ်ရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး၊ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇ - ၄၀၅၀၅၉ တွင် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်နှင့် အချိန် - (၁၀-၈-၂၀၂၃)ရက်နေ့၊ (၁၆:၀၀)နာရီ၊

၄။ တင်ဒါတင်သွင်းရမည့်နေရာ - ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

## အမည်မှန်နှင့် မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ မူလွန်-မခေါယန်ကျောင်း၊ Grade-7 မှ မလယ်မယ်မီး၏ အမည်မှန်မှာ မလာမာမီးဖြစ်ပြီး ၎င်း၏မိဘအမည်မှန်မှာ ဦးလာမြာဆား [၁/ဒဖယ(နိုင်)၀၀၃၆၉၂]နှင့် ဒေါ်သောင်းမလဲ [၁/ဒဖယ(နိုင်) ၀၀၂၅၈၄] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၉၊ မြေကွက်အမှတ်- ၁၀၈၅၊ အကျယ်အဝန်း (၀.၀၆၂)ဧကရှိ ဒေါ်အမာ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူ ဦးအောင်သူလတ် [၁၂/ကမရ(နိုင်)၀၄၀၅၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းအောင်ကျော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၇၈/၂၀၀၂)**
**အမှတ်-၃၃၊ ပ-ထပ်၊ မေ့စိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁၁၄၇၀၈**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၁၀၁၂)၊ မြေအကျယ် (၄၀'x၆၀') ပါမစ်မြေမျိုး၊ မြေအမည်ပေါက် ဒေါက်တာဦးမျိုးသိန်း ဟုမှတ်သားထားသော မြေကွက်ကို ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားသူဖြစ်ကြောင်း အများသိစေရန်ကြော်ငြာ

